လ

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်၊ ပဓာနနာယက

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

# ဘဒ္ဒန္တဝေပုလ္လ

(ဝေပုလ္လာရာမဆရာတော်ကြီး)

ရေးသားချီးမြှင့်တော်မူသည့်

# ဆရာ့ခြေရာ






ဝေပုလ္လာရာမဆရာတော်ကြီး ဘဒ္ဒန္တဝေပုလ္လ

# မာတိကာ


၁။ ဘုရားပင့်ခန်း ၁၆

၂။ အသက်နှင့် ခန္ဓာကို လှူဒါန်းခြင်း ၁၉

၃။ ဘဝများစွာ သံသရာက ပြစ်မှားခဲ့သော အပြစ်များအတွက် ကန်တော့ခန်း ၂၁

၄။ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော်(၉)ပါး၊ (၉)ဌာန စံနေတော်မူသော နဝဌာန အကျင့်ဖြင့် အာရုံနိမိတ်ယူပုံ ၂၃

၅။ ဂုဏ်တော်(၉)ပါးအား သတ္တဌာန နဝဌာန အကျင့်စခန်း ၃၀

၆။ အထူးမှတ်ချက် ၄၆


◆◆◆

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် အမိန့်ကြေညာစာအမှတ် ၁/၂၀၀၁ ဖြင့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ရာ အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်သည် နိုင်ငံတော်အစိုးရမှ လှူဒါန်းပူဇော်ကန်တော့လိုက်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ကို ရင်မှာပိုက်၍ ခရစ်နှစ် ၂၀၀၁-ခုနှစ်၊ မတ် (၁၀) ရက်၊ သက္ကရာဇ် ၁၃၆၂ ခု၊ တပေါင်းလပြည့်ကျော် (၂) ရက်၊ စနေနေ့ ည (၉) နာရီအချိန်ခန့်တွင် အကျွန်ုပ်နေထိုင်ရာ သီတင်းသုံးရာ ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက်သို့ ဆိုက်ရောက်လာခဲ့ပါတော့သည်။

အကျွန်ုပ် အမြဲနေထိုင် သီတင်းသုံးတော်မူရာ သာသနာ့ဝေပုလ္လကာရီသိမ်တော် အတွင်း ဘုရားစင်ဘေး ခေါင်းရင်းပိုင်းမှာ မဟာသဒ္ဓမ္မဇောတိကဓဇဟူသော ဘွဲ့တံဆိပ် တော်နှင့်ပတ်သက်သော အဆောင်အယောင်များ၊ ဓာတ်ပုံများ၊ မှတ်တမ်းများအား သူ့နေရာ နှင့်သူ နေသားတကျဖြစ်အောင် တည်ထားလိုက်ပါတော့သည်။ ထိုစဉ်အတွင်း များစွာသော ဒကာ ဒကာမများ၊ ပင့်ဆောင်လာခဲ့ကြသော ဒကာ ဒကာမများ၊ ပရိသတ်များ၊ ရဟန်းသံဃာ များ စသည်တို့သည် လာရောက်ဦးချကန်တော့ကြ၊ ဝမ်းသာအားရ နှုတ်ဆက်စကားဆိုကြ၊ မေးကြ မြန်းကြ၊ လျှောက်ထားကြနှင့် ညဉ့်နက်လာသည်အထိ ရှိနေခဲ့ကြပါသည်။ ည (၁၁) နာရီခန့်လောက်မှာ ပြန်သွားကြကုန်ပြီး ကျောင်းဝင်းလည်း တိတ်ဆိတ်ငြိမ်သက်စပြု လာပါတော့သည်။ တဖြည်းဖြည်းနှင့် ညဉ့်နက်လာသည်နှင့်အမျှ ကျောင်းတိုက်တစ်တိုက်လုံး

အပ်ကျသံလျှင် မကြားသိရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။ ရန်ကုန်မှ ဘွဲ့တံဆိပ်တော် အလှူခံတော်မူပြီး တပေါင်းလပြည့်ကျော်(၂)ရက် စနေနေ့ညက အကျွန်ုပ်ကျောင်းပြန်ရောက်ပြီး တစ်ညလုံး ကျိန်းစက်၍ မရခဲ့ပါ။

အကျွန်ုပ်သည် လွန်ခဲ့သော လပေါင်းများစွာကစ၍ အိပ်ရာခုတင်ပေါ်တွင် မအိပ်စက်တော့ဘဲ ထိုင်နေကျ ရှေးဆရာတော်ကြီးများ သီတင်းသုံးလေ့ သုံးထရှိခဲ့သော ကြိမ်ကုလားထိုင်ကြီးပေါ်မှာပင် ညစဉ် ညတိုင်း ထိုင်နေလိုက် အိပ်စက်လိုက်နှင့် နေသားတကျဖြစ်နေပြီးဖြစ်၍ ယခုလည်း ထိုကုလားထိုင်ကြီးပေါ်မှာပင် ထိုင်လိုက် ထလိုက်နှင့် တစ်ညလုံး အိပ်စက်မပျော်ဘဲ ဘွဲ့တံဆိပ်တော်နှင့်ပတ်သက်၍ အတွေးရေလျဉ်ကြောမှာ နစ်မျောနေပါတော့သည်။ ခေါင်းရင်းတွင်ချထားသော ဘွဲ့တံဆိပ်တော်ကို ကြည့်လိုက်၊ မိမိကိုယ်ကို မိမိပြန်ကြည့်လိုက်၊ ကုန်လွန်ခဲ့ပြီးသော အနှစ် (၃၀) ကျော်ခန့်က ဆရာသမားများကို မျက်စိထဲမြင်ယောင်လိုက်နှင့် တစ်ညလုံး အတွေးသံသရာလည်ခဲ့ရပါတော့သည်။ တစ်ချက် တစ်ချက် ဘွဲ့တံဆိပ်တော်အား ထားရာနေရာကို မျက်စိကရောက်သွားလိုက်၊ မိမိကိုယ်မိမိပြန်ကြည့်လိုက် စိတ်ထဲမှာ အတွေးအမျိုးမျိုး၊ စဉ်းစားမှုအမျိုးမျိုး၊ ဝေဖန်မှုအမျိုးမျိုးတို့ အစီအရီ ဖြစ်ပေါ်၍ နေပါတော့သည်။

ပထမဆုံးသိန်းပေါင်းများစွာ အကုန်ခံ၍ နိုင်ငံတော်အစိုးရမှ ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုပူဇော်ကန်တော့ပွဲ ကျင်းပပုံများကိုလည်းကောင်း၊ ဒုတိယ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် တင်အေး အမှူးပြု၍ ပဲခူးမြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုပူဇော်ကြပုံများကိုလည်းကောင်း အကျွန်ုပ်၏ စိတ်အစဉ်မှာ တဖြည်းဖြည်း မြင်ယောင်လာခဲ့တော့၏။

ထို့ပြင် ရန်ကုန်မြို့နှင့် ပြည်မြို့အကြား သာယာဝတီမြို့တွင် ခလရ(၃၅)တပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေများ၊ သာယာဝတီမြို့၊ သုံးဆယ်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ သာယာဝတီမြို့နယ်သစ်ထုတ်လုပ်ရေး အရာရှိဝန်ထမ်းများစုပေါင်း၍ ကြီးကျယ်ခမ်းနားစွာ စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုပူဇော်ခဲ့ခြင်းကိုလည်းကောင်း၊ ထို့ပြင် မင်းလှမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်းလှမြို့ ခလရ(၁)အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေတို့ စုပေါင်း၍ ကြီးမားသော ပူဇော်ကန်တော့မှု အခမ်းအနားများကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အုတ်ဖိုမြို့ ခမရ(၆) အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေတို့ စုပေါင်း၍ ခမ်းနားထည်ဝါစွာ ပူဇော်ကန်တော့ကြပုံတို့ကိုလည်းကောင်း၊ ထို့ပြင် အင်းမမြို့ အမှတ်(၆၆)ခြေမြန် တပ်မဌာနချုပ် တပ်မမှူးကြီး ဗိုလ်ချုပ်အောင်မင်း၏(ဇနီး) ဒေါက်တာ ဒေါ်ဝေဝေသာတို့ အမှူးပြုသော တပ်မ(၆၆)ဌာနချုပ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေတို့၏ ကြီးမားသော ပူဇော်ကန်တော့ပွဲ အခမ်းအနားကိုလည်းကောင်း၊ အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်၏ မျက်လုံးအစုံတွင် တရေးရေး တရိပ်ရိပ် မြင်ယောင်နေမိတော့၏။

ထို့ပြင် ပြည်မြို့မှ တပည့် ဒကာ ဒကာမများက မော်တော်ယာဉ် အစီးပေါင်း (၆၀) ကျော်တို့ဖြင့် သိကြား၊ နတ်၊ ဗြဟ္မာများ ရာဇာဝင်း ဒေဝါဝင်းများ ခင်းကျင်း၍ စည်တော်များရွမ်း၍ ဝတ်အသင်းပေါင်းစုံတို့ဖြင့် တင့်တင့်တယ်တယ် တန်ဆာဆင်၍ လှပတင့်တယ်စွာပြု၍ ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်ပုံများကိုလည်းကောင်း၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရွှေတောင်

ချည်မျှင်နှင့် အထည်စက်ရုံမှူးကြီးနှင့် ဝန်ထမ်းများ၊ ခလရ(၁၄) အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေများ၊ ပြည်မြို့အဝင် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ဗိုလ်ကြီးချစ်ကို အမှူးပြုသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ ရဲဘော်၊ ရဲမေများ စုပေါင်းညီညာ ကြီးကျယ်ခမ်းနားစွာ ကြိုဆိုကြပုံ ပူဇော်ကန်တော့ကြပုံတို့ကိုလည်းကောင်း၊ မျက်စိထဲတွင် တရေးရေး မြင်ယောင်မိပါတော့၏။

အကျွန်ုပ် ဆရာတော်သည် ခရီးလမ်းတစ်လျှောက် တပည့် တပန်းများ ဒကာ ဒကာမများက ခမ်းခမ်းနားနား ကြိုဆိုဂုဏ်ပြု ချီးကျူးကြသည်တို့ကို တရိပ်ရိပ်ဖြင့် အတွေး အာရုံတို့တွင် တွေးထင်နေခိုက် ရုတ်တရက် ရွှေဥမင်လိုဏ်ဂူတောရ ပဓာနနာယက ဆရာတော်ကြီးအား မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်း မြင်ယောင်လာပြီး လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ခန့်က ရွှေဥမင်တောရဆရာတော်ကြီး မိန့်ကြားခဲ့သော ဩဝါဒကထာ များကိုပင် စိတ်အစဉ် သောတနားအစဉ်တွင် ရုတ်တရက် ကြားယောင်မြင်ယောင်မိ ပါတော့၏။

အကျွန်ုပ် ဆရာတော်၏ စိတ်အစဉ်တို့သည်လည်းကောင်း၊ အတွေးအာရုံတို့သည် လည်းကောင်း ကုန်ဆုံးခဲ့ပြီးသော လွန်လေပြီးသော အနှစ်(၃၀)ကျော် ကာလသမယ ပြည်မြို့အနီး ရွှေဥမင်လိုဏ်ဂူတောရကျောင်း၏ ပဓာနနာယက ဆရာတော်ကြီးထံသို့ ပြန်လည်၍ရောက်ရှိလာခဲ့ပုံ၊ ရွှေဥမင်တောရဆရာတော်ကြီး၏ ထံတော်မှောက်၌ သမထ တရား ဝိပဿနာတရားအပါအဝင် ပဋိပတ်တရားအကျင့်နှင့်ပတ်သက်၍ နည်းနာနိဿယ အဖြာဖြာတို့ကို ခံယူသင်ကြားနေပုံကိုလည်းကောင်း၊ ကျေးဇူးကြီးလှသော ရွှေဥမင်တောရ ဆရာတော်ကြီးထံတွင် နေ့စဉ် စာဝါတက်ပုံတို့ကိုလည်းကောင်း၊ ဩဝါဒပေးပုံတို့ကို လည်းကောင်း၊ ဆုံးမသွန်သင်ပုံတို့ကိုလည်းကောင်း၊ ဗုဒ္ဓနိမိတ်ယူပုံယူနည်းတို့ကိုလည်း

ကောင်း အကျွန်ုပ် ဆရာတော်၏ စိတ်အစဉ်၊ နှလုံးသား အစဉ်တို့တွင် ယနေ့ ယခုပင် ဖြစ်ပျက်နေသည်အလား ယခုနေ့တွင် ဖြစ်ပေါ်ခံစားမိနေသည့်အလား တရေးရေး တဖြည်းဖြည်း တရိပ်ရိပ် တထိတ်ထိတ် မြင်ယောင်လာပါတော့သည်။

အချိန်ကာလကား ခရစ်နှစ် ၁၉၆၇-ခုနှစ်မှ ၁၉၇၂-ခုနှစ်အတွင်း ဖြစ်ပါသည်။ ညစဉ် ညတိုင်းလိုလိုပင် ရွှေဥမင်တောရဆရာတော်ကြီးသည် အကျွန်ုပ်အားခေါ်၍ ပဋ္ဌာန်း ဝတ်ရွတ်စဉ်များအားဆိုစေခြင်း၊ ဓမ္မပဒဂါထာတော်များအား ရွတ်ဆိုစေခြင်း၊ မေတ္တာ ပို့နည်းများ၊ တရားထိုင်နည်းများ၊ အဓိဋ္ဌာန်ပြုဆောက်တည်နည်းများ၊ ဓုတင်ဆောက်တည်ပုံ ဆောက်တည်နည်းများအား သင်ကြားပြသပေးပါသည်။ ရွှေဥမင်တောရဆရာတော်ကြီး ထံတွင် အင်္ဂရတ် ဖိုဆွဲပေးခြင်း၊ မီးသွေးဝယ်ပေးခြင်း၊ ဓာတ်ပစ္စည်းဝယ်ပေးခြင်း၊ လုံထည့် ပေးခြင်း၊ ဖော်မ်ပေးခြင်း လုပ်ပေးရပါသည်။ ညဘက်ရောက်ပါလျှင် ရွှေဥမင်ဆရာ တော်ကြီးအား နင်းနယ်ပေးရခြင်း၊ နှိပ်နယ်ပေးရခြင်း၊ တတောင်ဆစ်နှင့် ကြိတ်ပေးရခြင်း စသော ဝတ်ကြီးဝတ်ငယ်ကိစ္စများ လုပ်ပေးရင်းနှင့် တစ်ခါတစ်ရံ ဆရာတော်ကြီးအိပ်ရာ ဘေးတွင်ပင် အိပ်ပျော်သွားတာလည်း ရှိခဲ့ပါသည်။ အိပ်မောကျခဲ့တာလည်း ရှိခဲ့ဖူးပါသည်။

တစ်နေ့(ထိုနေ့ဆိုသည်ကို ယနေ့ထက်တိုင် အကျွန်ုပ် ဆရာတော်၏ ရင်ထဲ နှလုံးအိမ်ထဲတွင် စွဲမြဲစွာမှတ်မိနေခဲ့ပါသည်။ ထိုနေ့ကား တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်း ဖြစ်ပါသည်။ ရွှေဥမင်တောရဆရာတော်ကြီးသည် အကျွန်ုပ်အား(ဝေပုလ္လ)ဟု ဘွဲ့နှင့်မခေါ် ပါဘဲ (မင်းလေး) ဟု အမြဲခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ ထို(မင်းလေး) ဆိုသော ဆရာတော်ကြီး ခေါ်တော်မူသော နာမည်လေးအား အကျွန်ုပ်လည်း ကျေနပ်အားရစွာ နှစ်သက်မြတ်နိုးစွာ လက်ခံကျေနပ်ခဲ့ပါသည်။ ဆရာတော်ကြီးသည် ငါ့အား တပည့်အရင်းကဲ့သို့ တန်ဖိုးထား ၍သာ ငါ့အား ဘွဲ့ကိုမခေါ်ဝေါ် မသုံးစွဲဘဲ(မင်းလေး)ဟု ခေါ်ခြင်းပါလားဟု ကျေနပ်မိ

ပါသည်။ အကျွန်ုပ်အားလည်း တခြားတခြား ဦးဇင်းတွေထက် တခြားတခြားသော တပည့်တွေထက် ပိုမိုချစ်ခင်ခြင်း၊ ပိုမိုအခွင့်အရေး ပေးခြင်းခံခဲ့ရဖူးပါသည်။

(တစ်နေ့)ဖြစ်သော အကျွန်ုပ်၏ရင်ထဲ နှလုံးသားထဲတွင် အမြဲမှတ်မိနေဖူးသော တန်ဆောင်မုန်းလပြည့်နေ့ ညဘက်တွင် ရွှေဥမင်တောရဆရာတော်ကြီးသည် အကျွန်ုပ်အား ခေါ်၍ သိမ်တော်ပေါ်သို့တက်ကာ ကောင်းကင်နက္ခတ် အသွားအလာတို့ကို သင်ကြားပြသပေးတော်မူပါသည်။ အရှေ့ဘက်က တက်လာလာသော နက္ခတ်များကို လေ့လာရခြင်း၊ မှတ်သားထားရခြင်း၊ အနောက်မိုးကုတ်စက်ဝိုင်းသို့ ဝင်တော့မည့်နက္ခတ်များ၊ မွန်းတည့်နေသည့် နက္ခတ်များ၊ လနှင့်စန်းယှဉ်နေသည့် နက္ခတ်များအား တစ်ညလုံး ပြသပေးတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ကျောင်းပေါ်သို့ရောက်လျှင်လည်း အစောပိုင်းက ကောင်းကင်အမြင်နက္ခတ်များအား စာအုပ်ထဲတွင် ပုံစံနှင့်တကွ ရေးမှတ်သားရပါသည်။ ရေးရင်းမှတ်သားရင်းနှင့် ဆရာတော်ကြီးခြေရင်းဘေးတွင်ပင် အိပ်ပျော်သွားခဲ့ရပါသည်။ မိုးလင်း၍ အရုဏ်ဆွမ်းစားပြီးအချိန်တွင်ကား ရွှေဥမင်တောရဆရာတော်ကြီးသည် အကျွန်ုပ်အား သူ့ကျောင်းသို့လာပါရန် ဒကာတစ်ယောက်အား အခေါ်ခိုင်းလိုက်သောကြောင့် အကျွန်ုပ်လည်း ရုတ်တရက် အရေးတကြီး ဆရာတော်ကြီးထံသို့ ထွက်လာခဲ့ပြီး ဆရာတော်ကြီးရှေ့တွင် ကျုံ့ကျုံ့ထိုင်ပြီး ကန်တော့လိုက်ပါတော့သည်။

ဤတွင် ဆရာတော်ကြီးက . . .

"ဟဲ့ . . မင်းလေး ယခု ငါပြောမည့်စကားကို မင်း အလေးအနက်ထားပြီး နာယူစေချင်ပါတယ်ဟု မိန့်ပါတယ်" ဟု မိန့်ပါသည်။

"မှန်ပါဘုရား ဆရာတော်ကြီး မိန့်မှာချက်ကို တပည့်တော်လိုက်နာနေပါတယ်

ဘုရား အမိန့်ရှိတော်မူပါ ဘုရား” ဟု လျှောက်ထားလိုက်ပါသည်။ ဤသို့တွင် ရွှေဥမင်တောရဆရာတော်ကြီးက ဤသို့မိန့်ပါသည်။

ဆရာတော်ကြီး . . .

“ညက မင်း ငါ့အနားမှာပဲ အိပ်ပျော် သွားခဲ့တယ်၊ ဒါနဲ့ဆိုရင် ငါမှတ်မိသလောက်ခြောက်ခါ ခုနစ်ခါလောက်တော့ရှိပြီကွ၊ ဒီ ငါ့ ကျောင်းပေါ်မှာ မင်းလာအိပ်တိုင်းလာအိပ်တိုင်းဟာ ညဘက်ချွေးထွက်တယ် အိုက်စပ်နေတယ်၊ မင်းလေးရဲ့ ဦးခေါင်းကိုကိုင်ကြည့်တော့လည်း တစ်ကိုယ်လုံးဟာ ပူပြင်းနေတော့တာပဲကွာ၊ မင်းလေးတစ်ကိုယ်လုံးဟာ တေဇောဓာတ် မီးဓာတ်တွေ အားကြီးနေတာ ငါသတိပြုမိတယ်”

ကျွန်ုပ်က . . .

“အမိန့်ရှိပါဘုရား တပည့်တော်နာခံလျက် ရှိပါတယ်ဘုရား”

ဆရာတော်ကြီး . . .

“အခုတော့ မင်းလေးက ငယ်ငယ်ရွယ်ရွယ်ရှိသေးတာကိုးကွ၊ မင်းလေးရဲ့ ကိုယ်ကတေဇောဓာတ်တွေ ဒီလောက်အားကြီးနေရင် တစ်နေ့ မင်း ဝါတော် သိက္ခာတော်ရလာတာနှင့်အမျှ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်၊ အသိဉာဏ်ကြီးရင့်တဲ့ပုဂ္ဂိုလ်၊ လူအများ မင်းစိုးရာဇာများက အထူးပူဇော် ကန်တော့ခံရတတ်တယ်ကွ၊ ဒီတော့ မင်းလေးကို ငါပညာရပ်တစ်ခုသင်ပေးမယ်ကွာ၊ မင်းကျင့်နိုင်ပါမလား”

အကျွန်ုပ် . . .

“ဆရာတော်ကြီးက သင်ကြားပေးအပ်ပါက တပည့်တော်ရိုသေစွာ လေးစားစွာကျင့်ဆောင်အားထုတ်ပါမည်ဘုရား”

ဆရာတော်ကြီး . . .

"တို့ဆရာတော်ကြီးများ အစဉ်အဆက် လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်ခန့်က ကျင့်ကြံပွားများအားထုတ်ခဲ့တဲ့ သတ္တဋ္ဌာန နဝဋ္ဌာန ကျင့်စဉ်ကို မင်းလေးကို ငါသင်ကြား ပေးမယ်ကွ၊ ဒီအကျင့်က ရှေးဆရာတော်ကြီးတွေရဲ့ အဆိုအရတော့ (သတ္တဋ္ဌာန ကျင့်စဉ်)လို့လည်း ခေါ်တယ်ကွ၊ မောနေယျအကျင့်ကို ကျင့်ခဲ့သော လူဝိဇ္ဇာခိုရ် မောနေယျ ဆရာကြီး ဦးထွန်းအောင်တို့၊ ယက္ကန်းစင်တောင်ဆရာတော်ကြီး ဦးသြဘာသတို့၊ ဒုတိယ ယက္ကန်းစင်တောင်ဆရာတော်ဟု အမည်ခံသော ကုစ္ဆာသယ ကုသိနာဂ သံသိပ္ပတွဲ့ခံ ဇင်ဖျိုး ဦးဥက္ကံသ ဆရာတော်ကြီးတို့၊ အောင်တော်မူ ဆရာထယ်တို့ကတော့ ဗုဒ္ဓဂုဏ်တော်(၉)ပါး အား သတ္တဋ္ဌာနအကျင့်နှင့်တွဲ၍ ကျင့်ကြံအားထုတ် ပေါက်မြောက်ခဲ့ဖူးသောကြောင့် ဒီအကျင့်ကို သတ္တဋ္ဌာနအကျင့်၊ နဝဋ္ဌာနအကျင့်လမ်းလို့ ခေါ်တယ်ကွ"

"ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော် (၉) ပါးအား မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေမှာ ကိန်းဝပ်တည်နေအောင် ဂုဏ်တော်(၉)ပါးတို့အား မိမိရဲ့ ဟဒယဝတ္ထု အသည်းနှလုံးအိမ်မှာ တည်တံ့ကိန်းဝပ်နေအောင် ဦးနှောက်ထဲမှာ ကိန်းဝပ်တည်နေ အောင် ကျင့်ဆောင်အားထုတ်တဲ့နည်းပဲကွ၊ တစ်နည်းပြောရရင်လည်းကွာ သတ္တဋ္ဌာနအကျင့်လမ်း၊ နဝဋ္ဌာနအကျင့်လမ်းဖြင့် ဂုဏ်တော်(၉)ပါးအား သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရား နိမိတ်ပေါ်အောင် ဗုဒ္ဓနိမိတ်မျိုး မနောဒွါရိကတွင် ထင်မြင်လာအောင် ကျင့်ကြံပွားများ အားထုတ်တဲ့ နည်းပဲကွ"

"ဒီသတ္တဋ္ဌာနဂုဏ်တော်အကျင့်လမ်းကို ကျင့်ကြံအားထုတ်လို့ အောင်မြင်ခဲ့ပါက မိမိရဲ့ မနောဒွါရမှာ သက်တော်ထင်ရှား ဗုဒ္ဓနိမိတ်များ၊ ဓမ္မနိမိတ်များ၊ သံဃနိမိတ်များ၊ ဗုဒ္ဓဓာတ်၊ ဓမ္မဓာတ်များ၊ ဂုဏ်တော်များ တည်လာပါလိမ့်မယ်ကွ၊ မိမိရဲ့ ဟဒယဝတ္ထု နှလုံးအိမ်ထဲမှာလည်း ဗုဒ္ဓနိမိတ်များ၊ ဂုဏ်တော်(၉)ပါးဓာတ်များ တည်မြဲလာတာနှင့်အမျှ

မင်းရဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဗုဒ္ဓဂုဏ်တော်(၉)ပါးတို့ တည်မြဲလာ ခိုင်မြဲလာသည့် ခန္ဓာစေတီတည်ပြီးသော ခန္ဓာစေတီထိုက်ပြီးသားဖြစ်လို့မို့ မင်းတန်ခိုးကြီးလိမ့်မယ်၊ ဘုန်းကြီးလိမ့်မယ်၊ ပညာကြီးလိမ့်မယ်၊ မင်းစိုးရာဇာများ၊ လူအများက မင်းကို ပူဇော်ကန်တော့လာကြလိမ့်မယ်၊ (၇) ရက်သားသမီးများက ပစ္စည်းလေးပါးတို့ဖြင့် မင်းကို ပူဇော်လှူဒါန်းလာကြလိမ့်မယ်ကွာ၊ ရှေးရှေးသော ဆရာကြီးများ ဆရာတော်ကြီးများကလည်း ဒီသတ္တဌာန၊ နဝဌာနကျင့်စဉ်ကို အားထုတ်တော်မူကြပြီး ပညာအမျိုးမျိုး၊ အတတ်အမျိုးမျိုး၊ သိဒ္ဓိအမျိုးမျိုးတို့ကို အောင်မြင်ပြီးစီးသွားကြတယ်ကွဲ့၊ မင်းလေးက တေဇောဓာတ်အားများတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ အတွက် ဒီသတ္တဌာန၊ နဝဌာနအကျင့်လမ်းဟာ မင်းလေးနှင့် အလွန်ကိုက်ညီလိမ့်မယ်လို့ ငါထင်တယ်ကွာ၊ မင်းလေး ဘယ့်နှယ်လဲ”

ကျွန်ုပ်က . . .

“မည်သို့မည်ပုံ ကျင့်ကြံအားထုတ်ရမည်ဆိုတာကိုသာ ဆရာတော်ကြီးအမိန့်ရှိတော်မူပါဘုရား၊ ဆရာတော်ကြီးမိန့်ကြားမည့် ထိုသတ္တဌာန၊ နဝဌာနအကျင့်လမ်းစဉ်ကြီးကို ရိုသေလေးစားစွာ ကျင့်ဆောင်လိုက်နာပါမည်ဘုရား” ဟု လျှောက်ထားလိုက်လေရာ . . .

ရွှေဥမင်တောရဆရာတော်ကြီးသည် အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်လောင်းလျာအား ဂုဏ်တော်ကိုးပါးကို သတ္တဌာန၊ နဝဌာနလမ်းဖြင့် ကျင့်ကြံအားထုတ်ပုံ အစမှ အဆုံးတိုင်အောင် အောက်ပါအတိုင်း ဟောကြားခြင်း သင်ကြားပေးခြင်းပြုခဲ့ပါသည်။

## ဘုရားပင့်ခန်း

အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ အနန္တ ဇေဠှသေဠ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့ ၏ တည်ရာစုဝေးရာဖြစ်တော်မူပါပေသော မြတ်စွာဘုရား -

(က) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ဝိပဿီ မြတ်စွာဘုရားကိုယ်တော်**

(ခ) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် သိခီ မြတ်စွာဘုရားကိုယ်တော်**

(ဂ) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ဝေဿဘူ မြတ်စွာဘုရားကိုယ်တော်**

(ဃ) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ကကုသံ မြတ်စွာဘုရားကိုယ်တော်**

(င) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ကောဏဂုံ မြတ်စွာဘုရားကိုယ်တော်**

(စ) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ကဿပ မြတ်စွာဘုရားကိုယ်တော်**

(ဆ) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော **အရှင် ဂေါတမ မြတ်စွာဘုရားကိုယ်တော်**

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရား အရှင်မြတ်အပေါင်းတို့သည် ဘုရားတပည့်တော်၏ ဝဲယာနှစ်ဖက် ပခုံးထက်၌ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက်စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရား အရှင်မြတ်အပေါင်းတို့သည် ဘုရားတပည့်တော်၏ အဆုတ်၊ အသည်းနှလုံးထဲ၌ ပလ္လင်ပြု၍ အမြဲကိန်းဝပ်အရှည်တည်နေ ကြွရောက်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

(၉) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော ဂင်္ဂါဝါဠူ သဲစုမက ပွင့်ကြအသီးသီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာ ပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေ ကြွရောက်စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

(၁၀) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော နိဗ္ဗာန်ဘုံ၍ စံနေတော်မူကြကုန်သော အဆူဆူသော ဓမ္မဒိဋ္ဌာန်ဘုရားရှင် ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာပလ္လင်တော်ပြု၍ အမြဲကိန်းဝပ်အရှည်တည်နေ ကြွရောက်စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

(၁၁) ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူပေသော ကမ္ဘာအပေါင်းအသင်္ချေ၊ ကမ္ဘာပေါင်း အနန္တတို့က ပွင့်ကြအသီးသီး အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည် ဘုရားတပည့်တော်၏ ကိုယ်ခန္ဓာပလ္လင်တော်ပြု၍ အမြဲကိန်းဝပ် အရှည်တည်နေကြွရောက်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

# အသက်နှင့် ခန္ဓာကို လှူဒါန်းခြင်း

(ရှေးရှေးသော အာစရိယဝါဒအတိုင်း ရေးသားထည့်ပေးထားပါသည်။ အမှားအမှန်ကို ဉာဏ်ရှေးရှု၍ ပြုပြင်သုံးစွဲသင့်က ပြုပြင်သုံးစွဲကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

**ဘန္တေဘဂဝါ**- ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တအပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ **အဟံ**- ဘုရားတပည့်တော်သည်၊ **ဣမံ အတ္တဘာဝံ**- နာမရူပပေါင်းထမှည့်ဆို ဤခန္ဓာကိုယ် အတ္တဘောကို၊ **တုမှာကံ-** ကျေးဇူးတော်သခင် အရှင်မြတ်ကြီးတို့အား၊ **ယာဝဇီဝံ**- မပျက်မပြုန်း အသက်ရှည်သမျှကာလပတ်လုံး၊ **ပရိစ္စဇာမိ**- ယောဂီကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်သောအခါ ဘေးရန်လွင့်စင်နိမိတ်ထင်လျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်ရောက်လွယ်စေခြင်းအကျိုးငှာ အသက်ကိုပါ အဆုံးထားလျက် စွန့်လွှတ်လှူဒါန်းအပ်နှင်းပါ၏။ **နမာမိ**- ပူဇော်ပါကန်တော့ပါ၏ အရှင်ဘုရား။ **ဓမ္မဥ္စ**- မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကိုလည်းကောင်း၊ **သံဃဥ္စ**- မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာပရမတ္ထ သံဃာတော်အရှင်သူမြတ်အပေါင်းတို့ကိုလည်းကောင်း၊ **အာစရိယာနဥ္စ**- ဆရာတော်သခင် ကျေးဇူး

ရှင်ကြီးများ အပေါင်းတို့ကိုလည်းကောင်း၊ **အဟံ**- ဘုရားတပည့်တော်သည်၊ **ဣမံအတ္တဘာဝံ**- နာမရူပ ပေါင်းထုံမှည့်မှ ဆို၍ ဤခန္ဓာကိုယ် အတ္တဘောကို၊ **တုမှကံ**- ကျေးဇူးတော်သခင် အရှင်မြတ်ကြီးတို့အား၊ **ယာဝဇီဝံ**- မပျက်မပြုန်း အသက်ရှည်သမျှကာလပတ်လုံး၊ **ပရိစ္စဇာမိ**- ယောဂီကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်သောအခါ ဘေးရန်လွင့်စင် နိမိတ်ထင်လျက် ရောက်လွယ်ခြင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်ရောက်လွယ်ခြင်းအကျိုးငှာ အသက်ကို အဆုံးထားလျက် စွန့်လွှတ်လှူဒါန်းအပ်နှင်းပါ၏။ **နမာမိ**- ပူဇော်ပါ၏။ ကန်တော့ပါ၏။ အရှင်ဘုရား။

## ဘဝများစွာ သံသရာက ဖြစ်မှားခဲ့သော
## အပြစ်များအတွက် ကန်တော့ခန်း

ဩကာသ ဩကာသ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပရိမာဏ အနန္တ မကြဲစည်အပ် မနှိုင်းယှဉ်အပ် အတိုင်းမသိ အဆုံးမရှိသော ပါရမီတော် ဘုန်းတော် တန်ခိုးတော် ဉာဏ်တော် ဂုဏ်ကျေးဇူးတော် အပေါင်းတို့၏ တည်ရာ စုဝေးရာ ဖြစ်တော်မူပေသော ဂဂ်ဝါဠ္ဂု သဲစုမက ပွင့်ကြအသီးသီး အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့ကိုလည်းကောင်း၊ နိဗ္ဗာန်ဘုံ၌ စံနေတော်မူကြကုန်ပြီးသော အဆူဆူသော ဓမ္မဓိဋ္ဌာန် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အပေါင်းတို့ကိုလည်းကောင်း၊ ကမ္ဘာ အပေါင်း အသင်္ချေ၊ ကမ္ဘာအပေါင်းအနန္တတို့က ပွင့်ကြအသီးသီး အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအပေါင်းတို့ကိုလည်းကောင်း၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ္တိတည်းဟူသော တရားရတနာ၊ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာပရမတ္ထသံဃာတော် ကလျာဏ ပုထုဇဉ် ဂုဏဝန် သီလဝန်ဖြစ်တော်မူကြကုန်သော သမုတိသံဃာတော် နှစ်ဖော်ထင်စွာ မြတ်သံဃာနှင့် မြင်းမိုရ်မေရု၊ နှိုင်းတုမရ ဂုဏ်ပေါင်းခသည့် ဘဝပေါင်းအနန္တ ဘဝပေါင်းအသင်္ချေကစ၍ ယခုဘဝတိုင်အောင် တော်စပ်ခဲ့သမျှသော မိခင် ဖခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့

အားလည်းကောင်း၊ ကမ္ဘာပေါင်းအနန္တ ကမ္ဘာပေါင်း အသင်္ချေကစ၍ ယခုယနေ့တိုင်အောင် သင်ကြား ပြသဆိုဆုံးမတော်မူကြကုန်သော ဆရာသခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့ကို လည်းကောင်း ကမ္ဘာပေါ်တွင် ရှိရှိသမျှသော သူတော်ကောင်း သူတော်မြတ်အပေါင်းတို့ကို လည်းကောင်း၊ ဘုရားတပည့်တော်သည် ဘဝများစွာ သံသရာက မသိ မလိမ္မာ၍ အဝိဇ္ဇာ မှောင်တုန်း မောဟပိတ်ဖုံး၍ ကာယကံ ဝစီကံ မနောကံတို့ဖြင့် လွန်ကျူးပြစ်မှား မိခဲ့သည်ရှိသော် ထိုအပြစ်တို့ကို ပယ်ရှားပျောက်လွင့်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ကာယဝစီ မနောချီလျက် သုံးလီ စေတနာ သုံးဖြာဒွါရ ပဏာမတို့ဖြင့် ကြည်စွသဒ္ဓါရှိခိုးပါ၏။ မြတ်နိုးပါ၏။ ကန်တော့ပါ၏။ အရှင်ဘုရား။ (အပြစ်များရှိခဲ့လျှင် ခွင့်လွှတ်သနားတော်မူကြပါဘုရား)

## မြတ်စွာဘုရားကိုယ်တော်မြတ်၏ ဂုဏ်တော်(၉)ပါး၊ (၉)ဌာန စံနေတော်မူသော နဝဌာန အကျင့်ဖြင့် အာရုံနိမိတ်ယူပုံ

### (က) ပထမဌာန စံနေတော်မူခြင်း

ပထမဗောဓိပင်မင်း ပင်ညောင်ရင်း၌ အပရာဇိရွှေ ပလ္လင်ဗွေတွင် သချေ်ထောင်သောင်း မာရ်စစ်အပေါင်းကို ထောင်းထောင်းကြေညက် နှိပ်စက်ဖျက်ဆီး အောင်မြင်တော်မူပြီး၍ ပူဇော် ဝန္ဒနာအဖြာဖြာကို ခံယူတော်မူသည်ဖြစ်၍ အစိန္တေယျ အပ္ပမေယျ အပ္ပရိမာဏ အနန္တ မကြံစည်အပ် မနှိုင်းယှဉ်အပ် အတိုင်းမသိ အဆုံးမရှိ သော ပါရမီတော်ဘုန်းတော် တန်ခိုးတော် ဉာဏ်တော် ဂုဏ်ကျေးဇူးတော် အပေါင်း၏ စုဝေးရာ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တော်အတွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှာဒွါရ ကာယဒွါရ မနောဒွါရ တည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော်မူလှည့်ပါ အောင်စကြာနေတန္ခုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**(ခ) ဒုတိယဈာန စံနေတော်မူခြင်း**

ဒုတိယ အနိမိသ ကုန်းဌာနဝယ် အပရာဇိတပလ္လင်၌ ရွှင်မြယိုဖိတ် ပီတိစိတ်ဖြင့် မမှိတ်မျက်စိ စိမ့်စိမ့်ကြည့်လျက် ရပ်တော်မူကာ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန်တစ်တန် ပညတ်ဥေယျ ငါးတန် မြတ်ဓမ္မံကို သယမ္ဘူဉာဏ်ဖြင့် ပိုင်းခြား ထင်ထင် သိမြင်တော်မူသည်ဖြစ်၍ လေရေအစု မြေအထုနှင့် ယှဉ်တုနှိုင်းပြိုင် မမီနိုင်သော သီလတော် သမာဓိတော် ပညာတော်မြတ် ရွှေဉာဏ်ဓာတ်ဖြင့် တတ်အပ်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပါပေသောကြောင့် (သမ္မာသမ္ဗုဒ္ဓ) ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်အတွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနော ဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော်မူလှည့်ပါအောင်စကြာ နေတန္ထုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**(ဂ) တတိယဈာန စံနေတော်မူခြင်း**

တတိယ ရတနာစင်္ကြံ နတ်သံဘူမိ မြေသီရိဝယ် လူးလာတုန့်ခေါက် စင်္ကြံလျှောက်၍ နေတော်မူသောအခါ မနှိုင်းယှဉ်နိုင်ဖွယ် ကြီးကျယ်မြင့်မြတ်တော်မူလှသော ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်တော်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်

အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော်မူလှည့်ပါ အောင်စကြာ နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**(ဃ) စတုတ္ထဈာန စံနေတော်မူခြင်း**

စတုတ္ထ ရတနာဃရ တောက်ပရောင်ရှိန် မြတ်ရွှေအိမ်ဝယ် ချမ်းမြေ့လှစွာ အဘိဓမ္မာ ခုနစ်ကျမ်း ပဋ္ဌာန်းအစရှိသော တရားတော်မြတ်တို့ကို သုံးသပ်ဆင်ခြင် ရောင်ခြောက်ရှင် တို့ဖြင့် တင့်တယ်မျိုးစုံ အဖုံဖုံကို အကုန်လွှမ်းအုပ် ခေါင်က ချုပ်၍ ဆင်းရုပ်သိင်္ဂီ ခြောက် ရောင်ခြည်ဖြင့် ကြည်ဖွယ်သာမော ဖူးသူသြမ္မ ပြည့်ချော သပ္ပာယ် လှမျိုးကြွယ်လျက် အလုံး စုံသော လူနတ်တို့၏ ကြည်ညိုဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် အသွယ်သွယ် အဝဝသော ရူပကာယ ဂုဏ်ကျေးဇူးတော်၊ နာမကာယဂုဏ်ကျေးဇူးတော် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူပေသောကြောင့်လည်း (သုဂတ)ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ တည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ် အောင် ထင်လင်းအောင် တည်နေကိန်းဝပ် တော်မူလှည့်ပါ အောင်စကြာ နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**(င) ပဥ္စမဈာန စံနေတော်မူခြင်း**

ပဥ္စမံ ဆိတ်ကျောင်းမည်တွင် မြတ်ညောင်ပင်ဝယ် တင့်တယ်စွာ စံနေတော်မူပြီး၍ ကာမရူပ အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင်

အလင်းထင်ပေါ် သိမြင်တော်မူထစေသော ဣန္ဒြိယပရော ပရိယတ္တိ ဉာဏ်တော်၊ အာသယာနုသယဉာဏ်တော်၊ ယမကပါဋိ ဟာရိယဉာဏ်တော်၊ မဟာကရုဏာ သမာပတ္တိဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်၊ အနာဝရဏဉာဏ်တော်တည်းဟူသော အသာ ဓာရဏဉာဏ်တော်ခြောက်ပါး၊ အားတော်ဆယ်ပါး သတ္တလောက သင်္ခါရနှင့် ဩကာသဟူ သုံးဆူသော လောကဓာတ်ကို တတ်အပ်ထင်ထင်သိမြင်တော်မူပေသော ကြောင့်(လောကဝိဒူ)ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်အတွင်း၌ရှိသော စက္ခုဒွါရ သောတ ဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနော ဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော်မူလှည့်ပါ အောင်စကြာ နေတန္ခုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

**(၈) ဆဋ္ဌမဗျာန စံနေတော်မူခြင်း**

ဆဋ္ဌမံ မုစလိန္ဒအိုင်သာဖြန့်ကျင်း ကျည်းပင်ရင်၌ သနင်းလူ့ဆွေစပွာယ်နေသော် မိုးလေထန်ပြင်း သွန်းချခြင်းကြောင့် မြွေမင်းရန်ဟန့် ပါးပျဉ်းဖြန့်လျက် ခြုံးအုံ့တန်ခိုး ထီးမှတ်မိုးကာ၍ ရက်သတ္တာဖြင့် စံနေမူပြီး၍ အတုမရှိသော ယောကျာ်းမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် အံ့ဩဖွယ်သော အနန္တဂုဏ် တန်ခိုးဂုဏ်ရှစ်ဦး ဘုန်းတော်ထူးတို့ဖြင့် အံ့မှုးကြီးပိုင် မချိုးနိုင်၍ တပြိုင်တည်လျက် တပြိုင်ပြက်သော စကြဝဠာတိုက်နေ သိန်းကုဋေလုံး ရွှေမုဋ္ဌာန်စွမ်း အာဏာလွှမ်း၍ ထဲဝင်း စိမ့်စိမ့် ကြက်သီးဖိန့်မျှ ခြိမ့်ခြိမ့်ကြွေးကြော် ပူဇော်ကြရာ သုံးရွာလုံး တန်ဆောင် မင်းခေါင် မင်းဖျား မင်းတရားအစစ်လည်း ဖြစ်တော်မူပေသော သုံးလူထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား

ကြီးသည် နန္ဒော ပနန္ဒ သစ္စကနှင့် ဗကပြဟ္မာသတ္တဝါတို့ကို ဒေသနာသံ ဆိတ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲကြီးမြတ် တော်မူပေသော ကြောင့်(အနုတ္တရောပုရိသ ဓမ္မသာရထိ) ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော် မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနော ဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော် မူလှည့်ပါ အောင်စကြာ နေတန္ဓန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

## (စ) သတ္ထမဌာန စံနေတော်မူခြင်း

သတ္တမံ ရာဇာယတန မည်ရခေါ်တွင် လင်းလွန်းပင်၌ သိုက်မြိုက်တင့်စွာ ရက်သတ္တာဖြင့် စံနေတော်မူပြီး၍ ရှေးရှေးဘဝအထူးက ဖြည့်ဆည်းပူးတော်မူအပ်သော ကံသမ္ဘာအကြောင်း ပါရမီပေါင်းစုံ ကုသိုလ်တော်အဟုန်ကြောင့်ဖြစ်သော အမျိုးအားဖြင့် လွန်ကဲကြီးမြတ်ခြင်း၊ တန်ခိုးဣဒ္ဓိ ဂုဏ်သတ္တိအားဖြင့် လွန်ကဲကြီးမြတ်ခြင်း၊ ဘုန်းတော် ပါရမီတော်အားဖြင့် လွန်ကဲကြီးမြတ်ခြင်းတည်းဟူသော မဟတ္တဂုဏ်တော်သုံးပါး၊ ဝေသာ ရဇ္ဇဉာဏ်တော်လေးပါး၊ မျက်စိတော်ငါးပါး၊ ဘုန်းတော်ခြောက်ပါး၊ တန်ခိုးတော်ရှစ်ပါး၊ အံ့ဖွယ်တစ်ဆယ့်ရှစ်ပါး၊ (၇၇)ပါးသော ဉာဏ်တော်အထူး ဂုဏ်ကျေးဇူးနှင့် သုံးဘုံရပ်သူ နတ်လူပြဟ္မာ သတ္တဝါအများ သောင်းထိုက်သားတို့ ဝပ်တွားရှိပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာတော်သခင် ကျေးဇူးရှင်အစစ်ဖြစ်တော်မူပေသောကြောင့် (သတ္ထာဒေဝ မနုဿာနံ) ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်အတွင်း၌ရှိသော စက္ခုဒွါရ

သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနော ဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော် မူလှည့်ပါ အောင်စကြာ နေတန္ထုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

## (၈) အဌမဗျာန စံနေတော်မူခြင်း

အဌမံ ဆိတ်ကျောင်းညောင်ပင် တစ်ဖန်ဝင်၍ မြတ်ရှင်ဘဂဝါ စံသောခါဝယ် သဟံပတိ မည်ရှိဗြဟ္မာ လက်ဟတ္ထာကို ကောင်းစွာညွတ်ရုံး မြတ်ပန်းကုံးဖြင့် ဦးလုံးကော်ရော် ပူဇော်ဝန္ဒနာ ပြုပြီးခါလျှင် ဘုရားရှင်အား တရားဓမ္မ ဟောပြစိမ့်ငှာ လက်အုပ်ကြာတွင် နဖူးပြင်ဝယ်တင်ကာ ခညောင်း တောင်းပန်အပ်သည်ဖြစ်၍ ရတနာသော် မှော်မျက်နှာ တော်ရှုပ်ပုံ ကုမုဒ်ခြံဖြင့် သုံးဘုံရပ်လုံး ပျားပိတုန်းကို ညွတ်ရုံးမပြေ တပ်မောစေလျက် ဒေသနာရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပေထသော လူနတ်တို့ ကေတု သဗ္ဗညုဉာဏ်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော် မြတ်ကြီးသည် ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂသစ္စာ ဤလေးဖြာကို ကောင်းစွာထင်ထင် သိမြင်တော်မူပေသောကြောင့် (ဗုဒ္ဓ) ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်အတွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနော ဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ်အောင် ထင်လင်း အောင် တည်နေကိန်း ဝပ်တော်မူလှည့်ပါ အောင်စကြာ နေတန္ထုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

## (၈၂) နဝဌာန စံနေတော်မူခြင်း

နဝမံ မိဂဓါဝုန် တောရိပ်မြုံဝယ် စက်စုံ နှစ်လီ ကြွချီဖြတ်သန်း ကျွတ်တမ်းစေ့မိငါးလီသော ပဥ္စဝဂ္ဂီတို့အား တရားဓမ္မစက် ဟောဖော်မြွက်၍ သုံးဖော်သော လောကခေတ်ကို လွှမ်းမိုးလျက် ဘဝဂ် ဝေစိမကခေတ်ဝိသယလုံးကို အုပ်ဖုံးစိုးပိုက် အထွဋ်မကိုဋ်အမြိုက်သာမိ အဓိပတိအရှင် ဘုရင်မင်းစစ်ဖြစ်တော်မူသော သုံးလူထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ စသည် လုံးစုံ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုးဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တ ပြည့်စုံတော်မူသောကြောင့် (ဘဂဝါ) ဟူသော ဂုဏ်တော်မြတ် ကြီးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်အတွင်း၌ရှိသော စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်ပေါ် အောင် ထင်လင်းအောင် တည်နေကိန်းဝပ်တော်မူလှည့်ပါ အောင်စကြာ နေတန္ဆုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

# ဂုဏ်တော်(၉)ပါးအား
# သတ္တဌာန နဝဌာန အကျင့်စခန်း

## (က) သောဘဂ္ဂဝါ ဣတိပိ အရဟံ

မြတ်စွာဘုရားအလောင်းတော်သည် သိဒ္ဓတ္ထကုမာရ မင်းသားအဖြစ်နှင့် (၁၆)နှစ်မြောက်သောအခါ မင်းဆက်တကာ မစံရဖူးသော ရမ္မ၊ သုဘ၊ သုရမ္မတည်းဟူသော ရွှေနန်းသုံး ဆောင်၌ ယသောဓရာအမှူးရှိသော ရွှေအဆင်းနှင့်တူသော မင်းသမီးအပေါင်းလေးသောင်းခြံရံလျက် မင်းစည်းစိမ်ကို ခံစား စံစားစဉ် ရှေးဘုရားများမှ ရှည်သောအသက်တော်ရှိ၍ ဥယျာဉ်တော်သို့ လေးနှစ်တစ်ကြိမ်ထွက်မြဲဖြစ်သော်လည်း ယခုဂေါတမဘုရားမှာ တိုသောအသက်တော်ရှိ ၍ ဥယျာဉ်တော်သို့ လေးလတစ်ကြိမ်ထွက်မြဲဖြစ်၍ ဥယျာဉ်တော်သို့ ထွက်လာသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်လေးပါးကိုမြင်၍ ထိတ်လန့်ခြင်း သံဝေဂဖြစ်သဖြင့် တောထွက်တော်မူ၍ အနောမာသောင်စပ်၌ ဆံတော်ကို သံလျက်နှင့်ဖြတ်ပြီးလျှင် ဃဋိကာရ ဗြဟ္မာမင်းသည် ကပ်လှူအပ်သော ရွှေကြာဝါသင်္ကန်းကို ဝတ်ရုံတော်မူ၍ ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်တော်မူပြီးလျှင် သူဌေးသမီး သုဇာတာ လှူအပ်သော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံ

တော်မူပြီးလျှင် ရေသုံးသပ်တော်မူသောအခါ 'ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မှာဖြင့် ရှင်းရွှေခွက်သည် ရေညာထက်သို့ ဝမ်းဘဲကဲ့သို့ ဆန်တက်စေသတည်း' ဟု သစ္စာ အဓိဋ္ဌာန်ပြု၍ မျှောတော်မူသောအခါ ရေညာသို့ ဆန်တက်၍ တစ်ကမ္ဘာလုံးအိပ်သော ကာလနဂါးမင်းကြီးသည် ရွှေခွက်ချင်း ခတ်သံကြောင့် အိပ်ရာမှနိုး၍ 'တယ်ပြီး လူ့ပြည်မှာ ဘုရားပွင့်ပါတကား' ဟု မြည်တမ်းကာ ပြောလေ၏။

ဘုရားအလောင်းတော်သည် ဗောဓိမဏ္ဍိုင်ရှိရာသို့ အစဉ်အတိုင်း ကြွတော်မူ၍ လမ်းခရီးအကြား၌ သုဒ္ဓိယမောင်စင်သည် ဘုရားအလောင်းတော်မြတ်ကိုမြင်လျှင် သဒ္ဓါကြည်ညိုလှ၍ မြက်ရှစ်ဆုပ်ကို ဘုရားအလောင်းတော်အား လှူဒါန်းလေ၏။ ဘုရားအလောင်းတော်သည် မြက်ရှစ်ဆုပ်ကို အလှူခံ၍ မဟာဗောဓိပင်သို့ ကြွတော်မူ ၏။ မဟာဗောဓိပင်သို့ရောက်လျှင် သုဒ္ဓိယမောင်စင် လှူအပ်သော မြက်ရှစ်ဆုပ်ကို အဖျားက ကိုင်ကာ "ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည်မှန်လျှင် အပရာဇိတပလ္လင် ပေါ်ပေါက်ပါ စေသတည်း" ဟု သစ္စာအဓိဋ္ဌာန်ပြု၍ ကြဲဖြန့်လိုက်လျှင် ရတနာဆယ်ပါးဖြင့်ပြီးသော အပရာဇိတ ပလ္လင်တော်ပေါ်ပေါက်၍ လာ၏။ ဘုရားအလောင်းသည် အပရာဇိတ ပလ္လင်တော်ပေါ်တက်၍ မဟာဗောဓိပင်စည်ကို နောက်မှီတကဲ ပြုတော်မူကာ အရှေ့သို့ မျက်နှာတော်မူပြီး ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးစံနေတော်မူ၍ "ဤနေရာက ဘုရားမဖြစ်သမျှ ငါမထပြီ"ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူ၍ အဝိဇ္ဇာ၊ ပစ္စယာ၊ သင်္ခါရာ အစရှိသော ပဋိစ္စ သမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ၊ ပဋိလုံအားဖြင့် အပြန်အလှန် သုံးသပ်ဆင်ခြင် တော်မူ၍ နေတော်မူသောအခါ ရွှေအဆင်းကဲ့သို့ ဝင်းထိန်သော အလောင်းတော်၏ သက်န်း၌ ကြွေကျသော ဗောဓိရွက်တို့သည် ရွှေပြား၌ ကပ်အပ်သော သန္တာသဖွယ် လွန်စွာတင့်တယ်ကုန်၏။

ထိုအခါ နတ်ရွာသေနင်း သိကြားမင်းကြီးသည် အရှေ့မြောက်ကနေ၍ အတောင် (၁၂၀) ရှည်သွယ်သော ဝိဇယုတ္တရ ခရုသင်းကိုမှုတ်ကာ ရပ်တည်လာ၏။ အရှေ့တောင်က နေ၍ ပဉ္စသိခ်နတ်သားသည် သုံးဂါဝုတ်ရှည်သော ဗေလုဝစောင်းကြီးကိုတီး၍ အနီးတွင်နေလေ၏။ အနောက်တောင်အရပ်က သုယာမနတ်သားသည် သားမြီး ယပ်ကိုကိုင်ကာ ရှိသေစွာနေ၏။ အနောက်မြောက်ထောင့်က သန္တုသိတနတ်သားသည် ပတ္တမြားထီးကိုဆောင်းလျက် ခညောင်းကာနေ၏။ သဟမ္ပတိဗြဟ္မာကြီးမှာ သုံးယူဇနာရှိသော ထီးဖြူ တော်ကြီးကို လျှဒါန်းလျက်နေ၏။ ကာလနဂါးမင်းသည် ချီးမွမ်းခြင်းအဖုံဖုံ တုတိ မင်္ဂလာမျိုးစုံတို့ဖြင့် ဩဘာပေးလေ၏။ စကြဝဠာတစ်သောင်း၌ ခိုအောင်းကျက်စားသော နတ်အများတို့သည် ပန်းနံ့သာအခိုးအထုံဖြင့် အမျိုးမျိုး ပူဇော်ကြပြီးလျှင် ဗောဓိပင် ခြေပလ္လင်ဗွေ၌ ထိုင်နေရွှင်ပြုံး သီတင်းသုံးတော်မူသော၊ နတ်ဗြဟ္မာအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင် တော်မူသော၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်အောက် အပရာဇိတ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေလျက် ပထမသတ္တာဟတည်းဟူသော ခုနစ်ရက်ကို ကုန်လွန် စေ၏။

ဤသို့ ဗောဓိပင်နှင့်ရွှေပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီးအား အာရုံနိမိတ်စွဲလောက်အောင် ဉာဏ်မျက်စိဖြင့် စူးစိုက်ကာ ကြည့်ရှု၍ မထင်မြင် ထင်မြင်အောင် သေသေချာချာ ကြည့်ရှုအာရုံပြု၍ (သောဘဂ္ဂဝါ ဣတိပိအရဟံ)ဟူသော ပထမဂုဏ်တော်ကို သောဘဂ္ဂဝါ ဣတိပိအရဟံ၊ သောဘဂ္ဂဝါ ဣတိပိ အရဟံဟူ၍ တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉)ရက်တိုင်တိုင် အားထုတ်ရပါမည်။ (၉)ရက်အတွင်း၌ အာရုံနိမိတ်ပေါ်ရာ အကြောင်းဖြစ်သော မိမိ၏မျက်စိတွင် ဝိုးဝိုးဝင်းဝင်း

ဖြစ်ခြင်း၊ ရောင်ခြည်တော်ခြောက်ပါးအနက် တစ်ပါးပါး ထိုး၍လာခြင်း စသည်တို့ကို တစ်စုံတစ်ရာဖြစ်ပေါ်လာလျှင် ထိုဂုဏ်တော်ပင် အမြဲဆက်၍ အာရုံနိမိတ်ကောင်းစွာ ရသည့်တိုင်အောင် အားထုတ်ရာသည်။ ဤကဲ့သို့ ပဌမဂုဏ်တော်ကို (၉) ရက်အတွင်း၌ အာရုံနိမိတ်မပေါ်ခဲ့လျှင် ဒုတိယဂုဏ်တော်ကို ပြောင်း၍ အာရုံပြု၍ ဆက်လက်ကျင့်ကြံ အားထုတ်ရပါမည်။

## (ခ) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

ဗောဓိပင်၏ အရှေ့မြောက်ဆယ်လံ အကွာ အနိမိဿကုန်းပေါ် သက်န်းတော်ရုံလျက် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ရပ်တော်မူကာ ဗောဓိပင်နှင့် အပရာဇိတပလ္လင်ကို ကြည့်လျက် ဗောဓိပင်နှင့် ပလ္လင်တော်သည် ငါ၏ ဘုန်းကံပါရမီကြောင့် ပေါ်ပေါက်လာသော ဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ပါတကားဟု မမှိတ်သော မျက်စိဖြင့် စိမ်းစိမ်း ကြည့်လျက် ရပ်တော်မူကာ စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံ စိတ်စွဲစေလျက်(သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ) ဟူသော ဂုဏ်တော်ကို အထက်ပါ နည်းအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉) ရက်တိုင်တိုင် အားထုတ်ရမည်။ (၉)ရက် အတွင်း၌ အာရုံနိမိတ်ပေါ်ရာသော အကြောင်းဖြစ်သော ဘုရားကိုယ်တော် မြတ်ကြီးမှ နေရောင် လရောင် ကြယ်တာရာရောင် တဖိတ်ဖိတ်ဝင်းပြောင်လျက် အံ့သြစဖွယ် အဆန်းတကြယ်ဖြစ်ပေါ်လာခဲ့လျှင် ထိုဂုဏ်တော်ကိုပင် ဆက်၍ အာရုံနိမိတ်ကောင်း စွာရလာသည့်တိုင်အောင် အားထုတ်ရာ၏။ ဤသို့ (၉)ရက်အတွင်း၌ အာရုံနိမိတ်မပေါ် ခဲ့လျှင် တတိယဂုဏ်တော်ကို အာရုံပြု၍ ဆက်လက်အားထုတ်ကြရမည်။

(၈) သောဘဂ၀ါကတိပိ ဝိဇ္ဇာစရဏာ သမ္ပန္နော

ရှင်တော်မြတ်ဘုရားသည် ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် လေးအင်သော သစ္စာကိုသိ၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိပေသည်တကားဟု မမှိတ်သောမျက်လုံးဖြင့် ကြည့်ရှုတော်မူသောအခါ များစွာသော နတ်အပေါင်းတို့က အလောင်းတော်ဗုဒ္ဓဘုရားသည် စံပျော်ဖူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တောင့်တခြင်းမပြတ် ထပ်၍ပြုအပ်သော မင်္ဂကိစ္စရှိချေသေးသည် တကားဟု ယုံမှားသောအကြံဖြင့် အတန်တန် ပြောဆိုကြကုန်၏။ ထိုနတ်တို့၏အကြံ မှုမမှန်သော သံသယကို ပယ်ဖျောက်ခြင်းငှာ တစ်ယူဇနာမျှလောက်သော အထက်ကောင်းကင်ပြင်သို့ လျင်မြန်စွာပျံတက်၍ အလျှံတလက်လက်ဖြစ်သော ရေအစုံ မီးအစုံ ထွက်စေခြင်း တန်ခိုး ပြာဋိဟာကို ကောင်းစွာပြတော်မူလေ၏။

ရှင်မြတ်ဘုရားသည် များစွာသော နတ်အပေါင်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှာ အာကာဝေ ကောင်းကင်ဘုံ၌ အစုံစုံဖြစ်သော တန်ခိုးပြာဋိဟာကိုပြတော်မူပြီးလျှင် ကောင်းကင်မှ ဆင်းသက်တော်မူ၍ ဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်၏ မြောက်ဘက် တစ်ဆယ့်ငါးလံကွာသောဌာနတွင် အရှေ့မှအနောက်သို့ အတောင်ခြောက်ဆယ်ရှည်လျားသော ရတနာအတိပြီးသော ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူကာ ထိုရတနာ စင်္ကြံကြီးဝယ် ဉာဏ်တော် (၁၈)တောင်ရှိသော မြတ်စွာဘုရားကိုယ်တော်မြတ်သည် သက်န်းတော်ဝတ်ရုံတော်မူလျက် အရှေ့နှင့်အနောက် လူးလားတို့ခေါက် စင်္ကြံလှမ်း၍ ဖြန့်မြန်း စံပယ်ခြင်းဖြင့် စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်စွဲမြဲစွာထား၍ (သောဘဂဝါ ကတိပိ ဝိဇ္ဇာစရဏာ သမ္ပန္နော) ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉) ရက်တိုင်တိုင် အားထုတ်ရမည်။ ဤကဲ့သို့ အာရုံနိမိတ်မမြင်ခဲ့သော် စတုတ္ထဂုဏ်တော်ကို ပြောင်း၍ ဆက်လက်ကျင့်ကြံ အားထုတ်ကြရာ၏။

(ဃ) သောဘာဂဝါက္လတိပိ သုဂတော

မဟာဗောဓိပင်မှ အနောက်မြောက် အတောင်(၄၀)အကွာတွင် နတ်များစွာတို့ စီမံဖန်ဆင်းအပ်သဖြင့် ရတနာ့ခုနစ်ပါး အတိပြီး၍ တညီးညီးထိန်ပြောင်လှစွာသော ရတနာ ကျောင်းဆောင်တော်၌ တောင်ဘက်သို့ မျက်နှာ ရှေ့ရှုမူကာ မြတ်စွာဘုရားကိုယ် တော်မြတ်ကြီးသည် သက်န်းတော် လက်ကန်တော့ထိုးကာ ထက်ဝယ်ဖွဲ့ခွေ သီတင်း သုံးစံနေတော်မူလျက် အဘိဓမ္မာ(၇)ကျမ်းတို့တွင် ပထမအစ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းတို့ကို ဆုံးခန်းသို့ရောက်အောင် သုံးသပ်ဆင်ခြင်ပါသော်လည်း ရွှေညာဏ်တော်နှင့် မလိုက်ဘဲရှိနေသောကြောင့် ရောင်ခြည် တော် မထွက်သာသဖြင့် ဆက်ကာ ဆက်ကာ သုံးသပ်တော်မူသောအခါ မဟာပကာရဏ မည်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်သောအခါမှသာလျှင် လူးသာလွန့်သာ ရွှေညာဏ်တော် ချိန်ကိုက်လာသဖြင့် တိမ်တိုက်လွှာမှထွက်သော နေဝန်းကြီးသဖွယ် ခြောက်သွယ်သော ရောင်ခြည်တော် အညွန့်အဖူးတို့သည် ကိုယ်တော်မှ ကွန့်မြူး၍ အထူးတလည် လွှတ်ထွက် တော်မူကြကုန်သည်။

ယင်းသို့လျှင် မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်စုံ တန်ခိုးဂုဏ်ဖြင့် ရတနာရွှေ အိမ်အတွင်း သီတင်းသုံး စံနေတော်မူသည်ကို အာရုံနိမိတ်စွဲစေလျက် (သော ဘာဂဝါ က္လတိပိ သုဂတော) ဟူသော ဂုဏ်တော်ကို အထက်ပါ နည်းအတိုင်း နည်းနိဿယ အတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉)ရက်တိုင်တိုင် အားထုတ်ရပါမည်။ ဤသို့ (၉) ရက်တိုင်တိုင်အားထုတ်ပါသော်လည်း အာရုံနိမိတ် မထင်မမြင်ခဲ့ပါလျှင် ပဉ္စမဂုဏ် တော်ကိုပြောင်း၍ အာရုံပြု ဆက်လက်အားထုတ်ကြရာ၏။

## ( c) သောဘဂဝါဣတိပိ လောကဝိဒူ

ရတနာဃရမည်သော ရွှေကျောင်း၌ ကိန်းအောင်းရွှင်ပြုံး သီတင်းသုံးတော်မူပြီး၍ ဗောဓိပင်မှ အရှေ့ဘက်စူးစူး (၃၂)လံကွာသော အရပ်၌ရှိသော အဇပါလညောင်ပင်သို့ ခိုဝင်ချဉ်းကပ်တော်မူလေ၏။ ယင်းသို့လျှင် အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌လည်း ခုနစ်ရက်ပတ်လုံး ရွှင်ပြုံးဖွယ်သော ဝိမုတ္တိချမ်းသာကို ခံစားကာနေတော်မူ၏။ အမျိုးမာန်ဝင်၍ အလွန်လျှင်တက်ကြွသည့် ဟုံတုံကမည်သော ပုဏ္ဏားသည် ဘုရားထံမှောက်သို့ ကပ်ရောက်လာ၍ မြတ်စွာဘုရားနှင့် စကားဆွေးနွေး တရားရေးတို့ကို ပြောဆိုပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ဆိတ်ကျောင်းသားတို့၏ ခိုနားရာ အဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ စံနေသီတင်းသုံးတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်စွဲလောက်အောင် ဉာဏ်မျက်စိဖြင့် ပြုံးပြုံး ကြည့်ကာ (သောဘဂဝါ ဣတိပိ လောကဝိဒူ) ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအတိုင်း နည်းနိဿယအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉)ရက်တိုင်တိုင် အားထုတ်ရပါမည်။ ဤသို့ အာရုံနိမိတ် မထင်မမြင်ခဲ့သော် ဆဋ္ဌမဂုဏ်တော်သို့ ပြောင်းလဲအာရုံပြု၍ ဆက်လက် အားထုတ်ကြရာ၏။

## (စ) သောဘဂဝါဣတိပိ အနုတ္တရောပုရိသ ဓမ္မသာရထိ

ဗောဓိပင်၏ အရှေ့တောင်မျက်နှာ အလံငါးဆယ်ကွာသောအရပ်၌ မုစ္စလိန္ဒာမည်သော ရေကန်၏အနီး ကျည်းပင်ကြီးအရပ်၌ သီတင်းသုံးတော်မူလေ၏။ ထိုသို့ သီတင်းသုံးတော်မူခိုက် စကြဝဠာတိုက်အလုံးပြန့်နှံ့သော အခါမဲ့မိုးကြီး သည်းထန်စွာ ရွာသွန်းလေလျှင် မုစ္စလိန္ဒာမည်သော နဂါးမင်းသည် မိမိ၏ ဘုံဗိမာန်အတွင်းမှ ထွက်ကာ မြတ်စွာဘုရားအား

ဖြုတ်၊ ခြင်၊ ယင်၊ မှက် စသည်တို့ မထိပါး မကိုက်စေခြင်း ငှာလည်းကောင်း၊ လေကြမ်းမိုးဖွဲတို့ မညှင်းဆဲစေခြင်းငှာလည်းကောင်း၊ မိမိကိုယ်ကို အရင်းထူ၍ ကျောင်းအလှူတော်ကို လှူခြင်းငှာ ကြီးစွာသော ကိုယ်ကို ဖန်ဆင်း၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်အနေခင်းပြီးသော် ဘုရားကိုယ်တော်ကို ခုနစ်ပတ်ရံလျက် ဦးခေါင်းထက်၌ ပါးပျဉ်းဖြင့်အုပ်မိုး၍ မိုးမစွတ်ရအောင် ပြုလေ၏။ မြတ်စွာဘုရားသည်လည်း မုစ္စလိန္ဒာနဂါးမင်း၏ အခွေအတွင်း သီတင်းသုံးတော်မူကာ ဖလသမာပတ်ကို ဝင်စား၍ နေတော်မူ၏။

ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အာရုံ နိမိတ်ယူလျက် ထင်မြင်အောင် ကြည့်ကာ (သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဓမ္မသာရထိ) ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအတိုင်း နည်းနိဿယအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ် ကျ (၉) ရက်တိုင်တိုင် အားထုတ်ရပါမည်။ ထို (၉) ရက်အတွင်း အာရုံနိမိတ်မမြင်ခဲ့သော် သတ္တမဂုဏ်တော်ကို ပြောင်း၍ အာရုံနိမိတ်ယူပြီး အားထုတ်ကြရာ၏။

## (ဆ) သောဘဂဝါဣတိပိ သတ္တာဒေဝမနဿာနံ

မဟာဗောဓိပင်၏ တောင်ဘက် မျက်နှာ တစ်ဆယ့်တစ်လံကွာသော လင်းလွန်းပင်ရင်းသို့ ရွှေ့ပြောင်းကာ သီတင်းသုံးတော်မူလေ၏။ ထိုရာဇာရတနမည်သော လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို ဝင်စား၍နေတော်မူကာ ခုနစ်ရက်ကြာလေလျှင် ဘုရားရှင် ကိုယ်တော်မြတ်သည် မျက်နှာသစ်တော်မူလိုသော အကြံတော်ဖြစ်လတ်သော် နတ်တို့ သေနင်း သိကြားမင်းသည် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ အကြံတော်ကို သိ၍ ကြဖုသီး၊ ကွမ်းရိုး၊ ဒန်ပူနှင့် အနဝတတ်ရေများကို ဝပ်တွားကြည်ဖြူစွာ ကပ်လှူလာသဖြင့် ကောင်းစွာဘုဉ်းပေး သုံးဆောင်တော်မူလေ၏။ ရာမညတိုင်း ဥက္ကလာဇနပုဒ်

ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်နှစ်ဦးတို့သည် ကုန်သွယ်ခြင်းအလို့ငှာ လှည်းပေါင်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ၎င်းညီနောင်တို့နှင့် ဆွေမျိုးမကင်း သားချင်းတော်ခဲ့ဖူးသော နတ်သားသည် တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးတို့အား လင်းလွန်းပင်၌ မြတ်စွာဘုရားထင်ရှား ပွင့်နေကြောင်းကို ခရီးလမ်း ညွှန်ကြားသဖြင့် မြတ်စွာဘုရားထံတော်ပါးသို့ ချဉ်းကပ်ကြပြီးလျှင် 'လောကအထွဋ် တမွတ်ခေါင်ဖျားအရှင်မြတ်ဘုရား တပည့်တော်တို့အား ရှည်လျားစွာသောနေ့ ညဥ့်ပတ်လုံးမဆုံးနိုင်သော အကျိုးစီးပွားများပြားစိမ့်သောငှာ ဤယခု ယူဆောင်လာသော ပျားမုန့်ဆုပ်တို့ကို အလှူခံတော်မူပါဘုရား' ဟု ဆက်ကပ်လှူဒါန်းကြလေ၏။

ယင်းသို့ ကုန်သည်ညီနောင်တို့သည် မုန့်များကို ဆက်ကပ်လာသောအခါ ရဟန်းပြုစက ဃဋိကာရ ဗြဟ္မာမင်း ကပ်လှူအပ်သော သပိတ်တော်သည် ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့တွင် ကွယ်ပျောက်လေပြီ။ မုန့်များကိုထည့်ကာ အလှူခံစရာ သပိတ်တော်မရှိဖြစ်လေရကား ရှေးရှေးသော ဘုရားရှင်တို့သည် ဘောဇဉ်အာဟာရကို လက်တို့ဖြင့်မခံယူကုန်၊ အဘယ်ဝတ္ထုဖြင့် ယူခံပါသနည်းဟု အကြံတော်ဖြစ်လေ၏။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် မြတ်စွာဘုရားရှင်၏ အကြံတော်ကို အမှန်အတိုင်းသိကုန်၍ ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ်လေးလုံးတို့ကို ကိုယ်စီကိုယ်ငှ လှူဒါန်းကြလေ၏။ ကျောက်ညိုသပိတ်လေးလုံးကို ရွှင်ပြုံးစွာ အလှူခံတော်မူ၍ လေးယောက်သော နတ်သားတို့၏ သဒ္ဓါတရားကို မပျက်ပြားစေခြင်းငှာ စောင့်စည်းတော်မူလိုသော မြတ်စွာဘုရားရှင်သည် သပိတ်လေးလုံးကို လက်တော်သို့ ဆင့်တင်ကာ အဓိဋ္ဌာန်ပြု၍ ဖိနှိပ်တော်မူလိုက်လေလျှင် အနားရစ်လေးဆင့်ဖြင့် သပိတ်တစ်လုံးသာ ဖြစ်သွားလေ၏။ ၎င်းသပိတ်တော်ဖြင့် မုန့်များကို အလှူခံကာ ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍ တဖုဿနှင့်

ဘလ္လိကညီနောင်တို့အား သာသနာ (၅၀၀၀) ကုန်အောင် ကိုးကွယ်လေလော့ဟု ဆံတော်ဓာတ်များကို မြတ်စွာဘုရားကိုယ်တော်တိုင် ဦးခေါင်းတော်၌ လက်တော်ဖြင့် သုံးသပ်တော်မူ၍ ပေးသနားတော်မူလိုက်၏။

ဤကဲ့သို့ တဖုဿနှင့် ဘလ္လိကတို့လှူဒါန်းသော ပျားမုန့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် ရာဇာရတန လင်းလွန်းပင်ရင်း၌ စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်ယူလျက် ထင်မြင်အောင် ဉာဏ်နှင့် ကြည့်ရှုကာ (သောဘဂဝါ ဣတိပိ သတ္တာဒေဝ မနုဿာနံ) ဟူသော ဂုဏ်တော်ကို အထက်ပါနည်းအတိုင်း နည်းနိဿယအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉)ရက်တိုင်တိုင် အားထုတ်ရပါမည်။ ဤကဲ့သို့ (၉) ရက်အတွင်းအားထုတ်ရာမှာ အာရုံနိမိတ် မထင်ခဲ့ မမြင်ခဲ့သော် အဠမဂုဏ်တော်ကိုပြောင်း၍ အာရုံနိမိတ်ယူပြီး အားထုတ်ကြရာ၏။

**(၈) သောဘဂဝါဣတိပိ ပုဒ္ဓေါ**

လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူပြီးသော် အဇပါလညောင်ပင်ရင်းသို့ တစ်ဖန်ရွှေ့ပြောင်းတော်မူပြန်၍ ဝိမုတ္တိချမ်းသာကို ခံစားတော်မူကာ သီတင်းသုံးတော်မူပြန်သတည်း။ ထိုအဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်သည် ဤသို့သော အကြံဖြစ်လတ်၏။ ငါဘုရားဟောတော်မူအပ်သော တရားတော်ကို သိနိုင်မြင်နိုင် ကျွတ်ထိုက်သောသတ္တဝါသည် အဘယ်မျှရှိသနည်းဟု သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ ငါဘုရား၏ တရားတော်သည် အလွန်နူးညံ့ သိမ်မွေ့နက်နဲခက်ခဲခြင်းရှိသည်ဖြစ်၍ သိနိုင်မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါက နည်းပါး၍ မသိနိုင်မမြင်နိုင် မကျွတ်ထိုက်သော သတ္တဝါကများ၏။ ဥပမာဆိုသော် သိနိုင် မြင်နိုင် ကျွတ်ထိုက်

သောသတ္တဝါသည် လက်သီးဖျားပေါ်၌ တင်ရှိသော မြေမှုန့်မျှသာရှိ၏။ မသိနိုင် မမြင်နိုင် မကျွတ်ထိုက်သော သတ္တဝါသည်ကား နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေကြီးလောက်များ၏။ ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ သုမေဓာရသေ့ဖြစ်စဉ်က နိဗ္ဗာန်ကိုယူပါလျှင် ရနိုင်ပါလျက်နှင့် ငါတစ်ယောက်တည်း နိဗ္ဗာန် ကိုကူးယူသော် အဘယ်အကျိုးရှိအံ့နည်းဟု လက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ကိုစွန့်လျက် လေး အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကိုဖြည့်၍ ယခု ဘုရားအဖြစ်သို့ ရောက်တော် မူပါလျှင် ငါဘုရားဟောသော တရားတော်၌ သိနိုင် မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါ နည်းပါးခြင်းကြောင့် ငါတရားမဟောတော့ပြီဟု စိတ်အကြံဖြစ်လျှင် မြတ်စွာဘုရား၏ အကြံတော်ကို သဟမ္ပတိဗြဟ္မာ မင်းကြီးသိ၍ . . .

"အို . . နတ်ဗြဟ္မာအပေါင်းတို့ မြတ်စွာဘုရား တရားမဟောခဲ့ပါလျှင် လောကကြီး သည် ပျက်စီးတော့မည်"ဟု ကြွေးကြော်၍ နတ်ဗြဟ္မာ အပေါင်းတို့နှင့်တကွ မြင်းမိုရ်တောင် လုံးမျှမကကြီးသော ရွှေပန်းဆိုင်းပန်းကုံးတို့ကိုယူ၍ မြတ်စွာဘုရားအား ပူဇော်ကန်တော့ ပြီးလျှင် . . .

"အရှင်ဘုရား လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ကိုဖြည့်၍ ယခု ဘုရားအဖြစ်သို့ ရောက်ပါပြီ။ အရှင်ဘုရားဟောသော တရားတော်၌ သိနိုင် မြင်နိုင် ကျွတ်ထိုက်သော သတ္တဝါပင်နည်းငြားသော်လည်း အရှင်ဘုရား တရားရေအေး အမြိုက် ဆေးကို တိုက်ကျွေး၍ နိဗ္ဗာန်သောင်ကမ်းသို့ရောက်အောင် ကယ်မ ဟောချွတ်တော် မူပါဘုရား" ဟု သဟမ္ပတိဗြဟ္မာမင်းကြီးက တရားတော်ကို တောင်းပန်သောအခါ မြတ်စွာဘုရားသည် တုဏှိဘာဝေ ဆိတ်ဆိတ်နေတော်မူ၍ ဝန်ခံတော်မူ၏။

ဤသို့ ဆိတ်ကျောင်းညောင်ပင်ရင်း၌ သဟမ္ပတိဗြဟ္မာမင်းကြီးက တရားဟောရန်

တောင်းပန်လျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်ယူလျက် (သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ) ဟူသော ဂုဏ်တော်ကို အထက်ပါ နည်းအတိုင်း နည်းနိဿယအတိုင်း တစ်နေ့လျှင် ပုတီး(၂၇)ပတ်ကျ (၉)ရက်တိုင်တိုင် ကျင့်ကြံအားထုတ်ရပါမည်။ ဤကဲ့သို့ အာရုံနိမိတ်ကို မထင်ခဲ့မမြင်ခဲ့သော် နဝမဂုဏ်တော် ကို ပြောင်း၍ အာရုံနိမိတ်ယူကာ ဆက်လက်ပြီး ကျင့်ကြံပွားများအားထုတ်ကြရာ၏။

## (၈) သောဘဂဝါဣတိပိ ဘဂဝါ

မြတ်စွာဘုရားသခင်သည် သဟမ္ပတိ ဗြဟ္မာမင်းတောင်းပန်၍ တရားဟောမည်ဟု အာဠာရ ရသေ့နေရာသို့ကြွသွားရာ ဘုမ္မစိုးနတ် စသော နတ်တို့က "အရှင်ဘုရား အာဠာရ ရသေ့ သေလွန်၍ ယနေ့ ခုနစ်ရက်ရှိပါပြီ" ဟု လျှောက်ထားပြောကြားလျှင် "ဩော် အာဠာရရသေ့သည် ငါဘုရားတရားတော်ကို မနာရ ရှုံးခြင်းကြီးမက ရှုံးလေစွ"ဟု ရင်တော်ကို မလျက်ပြု၏။ ထို့နောက် ဥဒကရသေ့ကို တရားဟောမည်ဟု သွားပြန်ရာ ထိုနည်းအတူ နတ်များက "ဥဒကရသေ့ ယနေ့ သန်းခေါင်ယံတွင် သေလေပြီ"ဟု အသံအားဖြင့် လျှောက်ထားပြန်ရာ "ဩော် ဥဒကရသေ့ ငါဘုရား၏ တရားတော်ကို မနာရ၍ ရှုံးခြင်းကြီးရှုံးပြန်ပြီ"ဟု ညှိုးငယ်စွာသော မျက်နှာတော်ဖြင့် ထို့နောက်မှ ဘယ်သူ့ကို တရားဦးဟောရမည်နည်းဟု ဉာဏ်တော်ဖြင့် ကြည့်ရှုသောအခါ ဗာရာဏသီပြည် သတ္တဝါ တို့ကို ဘေးမဲ့ပေးရာတောဖြစ်သော မိဂဒါဝုန်တော၌ ရှင်တော်ဘုရား၏ အလုပ်အကျွေးဖြစ် သော ပဥ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူ၍ မိဂဒါဝုန်တောသို့ကြွသွားရာ မိဂဒါဝုန်တောသို့ ရောက်လျှင် ပဥ္စဝဂ္ဂီငါးဦးတို့သည် ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းတို့ကို လှမ်းလင့်၍ နေရာခင်းကျင်းလျက်ပေး၏။

မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာတော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူ၍ ပဥ္စဝဂ္ဂီငါးဦးတို့ကို အကျွတ်တရားရစေခြင်းငှာ ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။ ထိုဓမ္မစကြာတရားတော်ကို ဟောတော်မူရာ အဆုံး၌ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနမ်၊ အရှင်အဿဇိ ပဥ္စဝဂ္ဂီငါးဦးတို့သည် အကျွတ်တရားကိုရကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ဤကဲ့သို့ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦး တို့ကို ဓမ္မစကြာတရားတော်ကို ဟောတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အာရုံနိမိတ်ယူလျက် (သောဘဂဝါ ဣတိပိ ဘဂဝါ) ဟူသော ဂုဏ်တော်ကို တစ်နေ့လျှင် ပုတီး(၂၇) ပတ်ကျ (၉)ရက်တိုင်တိုင် အထက်ပါ နည်းနိဿယအတိုင်း ကျင့်ကြံအားထုတ်ကြရာ၏။ ပုတီးအပတ်ရေ (၂၇) ပတ်ဟု ဆိုသော်လည်း (၄၅)ပတ်၊ (၈၁) ပတ်၊ (၁၀၈) ပတ်မှစ၍ များလေ ကောင်းလေ သမာဓိရလေ သမာဓိရမှ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ရပေမည်။

ဤသို့ အားထုတ်ပါမူ မိမိတို့ဘဝ ဘဝက ပါရမီအထုံဖြင့် ကြံ့ကြိုက်သောဌာန၌ ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်သည် ထင်ရှားပေါ်ပေါက်လာပေလိမ့်မည်။ ပါရမီချို့တဲ့၍ ကိုးဌာန စေ့ပြားသော်လည်း အာရုံနိမိတ်မရခဲ့ပါလျှင် တစ်ဖန်ပြန်လည် ၍ (သော ဘဂဝါ ဣတိပိ အရဟံ) မှစ၍ ယခင်နည်းအတိုင်း မလွဲစေဘဲ (သော ဘဂဝါ ဣတိပိ ဘဂဝါ) အဆုံးအထိ အဖန်ဖန် အထပ်ထပ် ထပ်ကာ တလဲလဲ အစမှ အဆုံးတိုင် အဆုံးမှအစတိုင် အပြန်ပြန်အလှန်လှန် ယခင် ကျင့်ကြံအားထုတ်ပုံ နည်းနာနိဿယအတိုင်း တစ်သဝေမတိမ်း ကျင့်ဆောင်အားထုတ်ကြရာ၏။

ပါရမီအဟုန် အထူးနည်း၍ အာရုံနိမိတ်ကိုမရရှိ စေကာမူ ရှေး၌ ဖော်ပြပြီးခဲ့သော လောကီအကျိုး လောကုတ္တရာအကျိုးမှာမူ မုချ ဆက်ဆက်ခံစားရမည်ဖြစ်ပါသောကြောင့်

ယုံယုံကြည်ကြည် ယောနိသော မနသီကာရဖြင့် မမေ့မလျော့ အားထုတ်ကြပါကုန်လော့။

အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်သည်လည်း ဤသတ္တဌာန နဝဌာန အကျင့် ပဋိပတ်လမ်းကို ကိုးကြိမ်လောက်အထိ အောင်မြင်ပြီးစီးအောင် ကျင့်ဖူးသည်ရှိအောင် ကျင့်ဆောင်အား ထုတ်ခဲ့ဖူးပါသည်။ ထိုသတ္တဌာန နဝဌာန အကျင့်လမ်းစဉ်ကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်သည့် အချိန်မှစ၍ တစ်နေ့ထက်တစ်နေ့ တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် အတွေးအခေါ်များ မှန်ကန်လာခြင်း၊ အယူ အဆများ မှန်ကန်လာခြင်း၊ ကောင်းတာတွေးမိခြင်း၊ ကောင်းတာသာလုပ်မိတတ်ခြင်း၊ ကောင်းသောဉာဏ်ပညာများ၊ ကောင်းမြတ်သောအသိတရား၊ ကောင်းမြတ်သောပညာ များ၊ ကောင်းမြတ်သောအကျင့်တရားများ ရရှိလာခဲ့သည့်အပြင် သီလသမာဓိ သမထ ဝိပဿနာ အယူအဆများ အဆုံးအဖြတ်များ သဘောသဘာဝများ အထူးတတ်မြောက် သိမြင်လာခဲ့ပါသည်။

တစ်နှစ်ထက်တစ်နှစ် ပြောတိုင်းဆိုတိုင်း ဖြစ်လာတတ်ခြင်း၊ ကြံစည်တိုင်း တောင့်တတိုင်း ဆုတောင်းတိုင်း ပြည့်စုံလာတတ်ခြင်း၊ ထို့အပြင် အကျွန်ုပ်ဆရာတော်၏ သာသနာပြုလုပ်ငန်းများ၊ ကုသိုလ်ရေး အလှူအတန်းကိစ္စများ၊ ဘုရားပုထိုး စေတီတော် တည်ဆောက်ရေးကိစ္စများ၊ ဟိတဓရကိစ္စရပ်များ၊ သတ္တဝါတို့အား ကယ်တင်ရေးကိစ္စ စောင့်ရှောက်ရေးကိစ္စ သာသနာပြုရေးကိစ္စများ၊ သာသနာပြုလုပ်ငန်းများ၊ အကျင့်သိက္ခာ တည်ဆောက်ပုံကိစ္စများသည် ထူးဆန်းစွာ အံ့သြစွာ အောင်မြင်ပြီးစီးလာတတ်ပါသည်။ များစွာသော ဒကာ ဒကာမများ၏ အားကိုးယုံကြည်ရာ ကြည်ညိုလေးစားရာ ဖြစ်လာခဲ့ ပါတော့သည်။ နယ်မရွေး မြို့မရွေး ဒေသမရွေး ဒါနကုသိုလ်ကိစ္စများ၊ သီလ ကုသိုလ် ကိစ္စများ၊ သမထကိစ္စများ၊ သာသနာပြုကိစ္စများသည် ယခု မဟာသဒ္ဓမ္မဇောတိကဓဇ

ဘွဲ့တံဆိပ်တော်ရသည်အထိ အောင်မြင်စွာတိုးတက်မှု ပြီးစီးမှုများ ရရှိလာခဲ့၏။ ဤသတ္တဌာန နဝဌာန အကျင့်ပဋိပတ်လမ်းစဉ်ကြီးကို ချီးမြှင့်သင်ကြားပေးခဲ့သော အကျွန်ုပ်၏ ကျေးဇူးရှင် ရွှေဥမင်တောရဆရာတော်ကြီးသည်လည်း လူ့ပြည်ငြီး၍ နတ်ထီးခိုခဲ့လေပြီတကား။ ဆရာတော်ကြီး မရှိခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း သုံးဆယ်ပင်ပြည့်လာတော့မှာပါတကား။

ဤသတ္တဌာန နဝဌာနအကျင့် ပညာလမ်းကို စတင်၍ သင်ယူလေ့လာခဲ့တုန်းက အကျွန်ုပ် ဝေပုလ္လာရာမ ဆရာတော်လောင်းလျာသည် ကလေးဘဝ ရဟန်းဘဝ လူငယ်လူရွယ်ဘဝသာရှိခဲ့ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ကြီးလာပြီ၊ အသက်အရွယ်ရင့်လာပြီ၊ အသက်တော် ရလာပြီဟူ၍ မထင်မှတ်ခဲ့ပါ။ အမှတ်လည်း မထားမိခဲ့ပါ။ သွားကောင်းတုန်း လာကောင်းတုန်း ခရီးထွက်ကောင်းတုန်း အမောအပန်းခံနိုင်တုန်း နေဒဏ် မိုးဒဏ် ဥတုဒဏ် ခံနိုင်ရည်ရှိတုန်းဖြစ်သည်။ ငယ်သေးသည်ဟူ၍လည်း အမြဲတမ်းထင်ထားမိခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နိုင်ငံတော်အစိုးရက အမိန့်ကြေညာစာ (၁/၂၀၀၀) ဖြင့် သာသာနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား မင်္ဂလာတို့တွင် (မဟာသဒ္ဓမ္မ ဇောတိကဓဇ) ဘွဲ့တံဆိပ်တော် အကပ်ခံရရှိလာပါမှ သတိထားမိလာပါတော့သည်။ ဩော် ... ငါ့အသက်အရွယ် ကြီးလာပါပေါ့လား။ ယခုမှပဲ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးလာမှန်း သိလာရပါတော့၏။

(မဟာသဒ္ဓမ္မဇောတိကဓဇ) သာသနာပြု ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူသော အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ ရဟန်းဘဝတုန်းက ရွှေဥမင်ဆရာတော်ကြီး သင်ကြားပေးခဲ့ ပို့ချပေးခဲ့ အားထုတ်ခဲ့ဖူးသော ဤသတ္တဌာန နဝဌာန ကျင့်ဆောင်အားထုတ်ပုံ အကျင့်ပဋိပတ်လမ်းစဉ် ပညာကြီးဖြင့်

ဗုဒ္ဓမြတ်စွာဘုရားရှင်အား လျှုဒါန်းပူဇော်ကန်တော့ပါ၏ မြတ်စွာဘုရား။ တရားတော်မြတ်ကိုလည်း လျှုဒါန်းပူဇော်ကန်တော့ပါ၏ဘုရား။ သံဃာတော်အရှင်မြတ်တို့ကိုလည်း လျှုဒါန်းပူဇော်ကန်တော့ပါ၏ဘုရား။ ရွှေဥမင်တောရဆရာတော်ကြီးနှင့်တကွ အလုံးစုံသော ဆရာတော်သခင် ကျေးဇူးရှင်တို့ကိုလည်း လျှုဒါန်းပူဇော်ကန်တော့ပါ၏ဘုရား။ မာတာပီတ မိနှင့်ဘအား အမှူးထား၍ ဘဝပေါင်းများစွာက တော်စပ်ခဲ့ကုန်သော မိဘနှစ်ဖြာတို့ကိုလည်း လျှုဒါန်းပူဇော်ကန်တော့လိုက်ပါတော့သည်။ သတ္တဝါအများ ခုနစ်ရက်သားသမီးတို့သည်လည်းကောင်း အားလုံးသော ကမ္ဘာသူ/သားတို့သည်လည်းကောင်း၊ ဤသတ္တဋ္ဌာန နဝဋ္ဌာနအကျင့် ပဋိပတ်လမ်းစဉ်ကြီးကို ကျင့်ဆောင်ပွားများအားထုတ်ခြင်းဖြင့် ကြီးပွားချမ်းသာ၍ မနောမယသိဒ္ဓိကဲ့သို့ ပြီးစီးအောင်မြင်ကြပါစေကုန်သတည်း။

## အထူးမှတ်ချက်

ဉာသတ္တဌာန နဝဌာန အကျင့်မြတ်လမ်းစဉ်ကြီးကို ရှေးဆရာတော်ကြီးများသည် အစဉ်အဆက် ထိန်းသိမ်းခဲ့ကြပါသည်။ မွန်မွန်မြတ်မြတ် မြတ်မြတ်နိုးနိုးဆောင်ရွက် အားထုတ်ခဲ့ကြပါသည်။ အာစရိယဆရာ အစဉ်အဆက် အမိန့်တော်မြတ်ရှိခဲ့ကြဖူးသည်မှာ တောင်ဗိလာဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုးဘက်တွင် ဉာသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ အကျင့်မြတ်လမ်းကို အထူးအားထုတ် ပေါက်မြောက်ဖူးခဲ့ပါသည်။ အင်းဝခေတ်၊ အမရပူရခေတ်များတွင် ဘားမဲ့ဆရာတော်သည်လည်းကောင်း၊ ဘားတမော့ ဆရာတော်သည်လည်းကောင်း၊ အတုလ ဆရာတော်တို့သည်လည်းကောင်း၊ ဆရာတော် ဦးဗုဓ်တို့သည်လည်းကောင်း ဉာသတ္တဌာန နဝဌာန အကျင့်လမ်းအတိုင်း ကျင့်ကြံအား ထုတ်၍ ပေါက်မြောက်အောင်ပြီးစီးခဲ့ကြပါသည်။ ကုန်းဘောင်ခေတ် နတ်စက်ရောင် ဆရာတော်၊ ယောအတွင်းဝန်မင်းကြီး ဦးဘိုးလှိုင်၊ မကာရလောပ အတုလ ခင်ကြီးပျော် ဆရာတော်တို့သည်လည်း ဉာသတ္တဌာန နဝဌာနလမ်းကို အထူးကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်။ ကျီးသဲလေးထပ် ဆရာတော်ကြီးသည်လည်း ဉာသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ လမ်းစဉ်ကြီးကိုပင် မွန်မွန်မြတ်မြတ် လျှို့ဝှက်စွာ ကျင့်ဆောင် အားထုတ်ခဲ့ဖူးပါသည်။

ယခုခေတ် မြန်မာနိုင်ငံ ဒုတိယကမ္ဘာစစ် အစပိုင်း အနှောင်းပိုင်းများတွင်လည်း ပထမ ယက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသတို့သည်လည်းကောင်း၊ ဒုတိယ ယက္ကန်းစင်တောင် ဆရာတော်ဦးဥက္ကံသတို့သည်လည်းကောင်း၊ ရွှေဥမင်လိုဏ်ဂူတောရ ဆရာတော်များသည်လည်းကောင်း၊ ဤသတ္တဌာန နဝဌာနအကျင့်လမ်းကို သိုသိုသိပ်သိပ် လျှို့ဝှက်စွာ ကျင့်ကြံအားထုတ်ကြ၍ ပေါက်မြောက်အောင်မြင်ပြီးစီးကြကုန်၍ မြန်မာပြည် တစ်ဝန်း သာသနာတော်အရောင်လွှမ်းအောင် သာသနာပြုတော်မူကြကုန်၏။

ထို့ပြင်တဝ လူဆရာကြီးများတို့တွင်မူ မောနေယျ ဆရာကြီးများ၊ အောင်တော်မူ ဆရာထယ်၊ ဇာဂရုဆရာကြီးများ၊ မခုသန်ရာဇဆရာကြီးများ၊ ဗောဓိပင်ဆရာဆိုင်၊ ဆရာမြိုင် စသော ဆရာကြီးများသည်လည်း ဤသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိအကျင့်လမ်းအတိုင်း အထူးကျင့် ဆောင်အားထုတ်၍ ပေါက်မြောက်အောင်မြင်ပြီးစီး၍ တတ်စွမ်းသရွေ့ သာသနာပြုသွားခဲ့ကြပါသည်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်များအတွင်း သာသနာ တော်ထမ်း ရှင်ရဟန်းများသည်လည်း တစ်ဖက်က စာပေကျမ်းဂန်နှံ့စပ်အောင် သင်ကြား တော်မူကြပြီး ကျန်တစ်ဖက်က ဤသတ္တဌာန နဝဌာန အကျင့်လမ်းစဉ်ကို အထူးအားထုတ် တော်မူကြကြောင်းကို ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ အမိန့်ရှိခဲ့ဖူးသည်ကို နာခံ မှတ်သားဖူးခဲ့၏။

ထို့ကြောင့်ပင်လျှင် ဤသတ္တဌာန နဝဌာန ကျင့်စဉ်သည် ရှေးရှေးသော ပုဂ္ဂိုလ်သူမွန် ဂုဏဝန်၊ ပညာဝန်၊ သီလဝန် ပုဂ္ဂိုလ်တော်ကြီးများ၊ ဆရာတော်ကြီးများ အထူးအားကိုး အားထားပြု၍ လျှို့ဝှက်စွာ သိုသိုသိပ်သိပ် ကျင့်ဆောင်ပွားများအပ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအကျင့်ဟု ဆို ထိုက်လှ၏။ ဤသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ အကျင့်လမ်းကို သင်ကြားပို့ချ နည်းနိဿယအဖြာဖြာကို စာတွေ့လက်တွေ့ သင်ကြားပို့ချတော်မူခဲ့သော

ဓမ္မသိဒ္ဓိ ပါရဂူလေးကျွန်းပိုင် ဆရာတော်အမည်ခံ ရွှေဥမင်တောရလိုဏ်ဂူ ဆရာတော်ကြီး ကိုယ်တိုင်ပင် ချင်းတောင်နယ်စပ် မဟာမြိုင်တောကြီးထဲတွင် (၇) နှစ်တိုင်တိုင် ညစဉ် ညတိုင်း အလင်းပေါက် ဤသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အကျင့်ကို ကျင့်ကြံအားထုတ်တော်မူခဲ့ခြင်းကြောင့် ဥဂ္ဂဟနိမိတ်၊ အပ္ပနာ သမာဓိသို့ ဆိုက်၍ မနောဒွါရိကစိတ်၌ သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားရှင်အား တစ်ခဏတာမျှ မျက်ဝါး ထင်ထင် မနောဒွါရိက ဘဝင်၌ စွဲထင်စွာ ဖူးတွေ့ ရပြီးလျှင် (ဓမ္မသိဒ္ဓိ)ဟူသော ဘွဲ့တော်ကို မဟာ မြိုင်အတွင်း တောစောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ ဘုမ္မဇိုးနတ်များ၊ အာကာသဇိုး နတ်များ ဟစ်အော် ဟစ်ကြွေး၍ ရရှိအပ်သော ဓမ္မသိဒ္ဓိဘွဲ့တော်ဖြစ်ပါသည်။ ဆရာတော်ကြီး အမိန့်ရှိတော်မူခဲ့သည်မှာ "ငါသည် ဤသတ္တဌာန နဝဌာန အကျင့်လမ်းကို ဒုတိယ ယက္ကန်း စင်တောင်ဆရာတော် (ဣန္ဒာသယ ဣသိနာဂ ဦးဥက္ကံသ) ထံမှ ရရှိခဲ့သည်။ သင်ယူမှတ် သား၍ ဤအတိုင်း မဟာမြိုင်တောထဲတွင် (၇)နှစ်တိုင်တိုင် ညမအိပ်စက်ဘဲ အလင်း ပေါက် အားထုတ်ခဲ့ခြင်းကြောင့် ဤဓမ္မသိဒ္ဓိဟူ သော ဘွဲ့တော်ရရှိခဲ့ဖူး၏" ဟု အမိန့်တော် ရှိခဲ့ဖူးပါသည်။

ယခုခေတ် ယခုကာလတွင် ဤသတ္တ ဌာန နဝဌာန အကျင့်လမ်းကို ကျင့်ကြံအား ထုတ်သော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ သတ္တဌာန နဝဌာန အကျင့်လမ်းစဉ်ကိုလည်း ကောင်း၊ အပြည့်အစုံ မတွေ့မမြင်ဖူးသေးပါ။ အတိုအထွာ သဘောမျိုးလောက်သာ တစ်ပိုင်းတစ်စလောက်သာ တွေ့ရှိရပါသည်။ အစမှအဆုံးတိုင် အားကြိုးမာန်တက် ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်များကိုလည်း အနည်းအပါးလောက်သာ တွေ့ရတတ် ပါသည်။ အကျင့်လမ်းစဉ်ကို ပြည့်ပြည့်စုံစုံ အစမှအဆုံးတိုင် ကျင့်လမ်းစဉ်ကို ရရှိထားသော ပုဂ္ဂိုလ်များလည်း အလွန်နည်းပါးလှပါသည်။ အချို့ဆိုလျှင် ဤသတ္တဌာန နဝဌာန

အကျင့်လမ်းကိုပင် ဗုဒ္ဓါနုဿတိ အကျင့်လမ်းဟူ၍ပင် မသိရှိကြပါလေ။

အကျွန်ုပ်သည် ဆရာအစဉ်အဆက် လျှို့ဝှက်စွာ မြတ်နိုးစွာ ကျင့်ကြံအားထုတ်ခဲ့သော ဤသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ အကျင့်လမ်းကို အစမှအဆုံးတိုင် ကျင့်ပုံကျင့်နည်းအဖြာဖြာကို အကျွန်ုပ်၏ ဆရာအရင်းဖြစ်သော ဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင်ဆရာတော်ဖြစ်သော ရွှေဥမင်ဆရာတော်ကြီးထံမှ ဆည်းပူးသင်ကြား၍ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ရရှိခဲ့ပါပြီ။ အကျွန်ုပ် ကိုယ်တိုင်လည်း ဤသတ္တဌာန နဝဌာနအကျင့်လမ်းကို (၉)ကြိမ်ခန့် အားထုတ်ခဲ့ဖူးပါသည်။ ဆရာသခင်ဖြစ်သော ရွှေဥမင်တောရ ဆရာတော်ကြီးသည် ဆရာ့ဆရာများ၏ ခြေရာကိုနင်း၍ ဤသတ္တဌာန နဝဌာန အကျင့်လမ်းကိုပေါက် မြောက်အောင်မြင်ခဲ့၍ မြန်မာနိုင်ငံတော်တွင် နေတစ်ဆူ လတစ်ပါးကဲ့သို့ ထင်ရှားစွာ သာသနာတော်မြတ်ကို ပြုတော်မူခဲ့လေပြီ။ ဤသတ္တဌာန နဝဌာန အကျင့်လမ်းကို သင်ကြားပို့ချပေးခဲ့သော ဆရာသခင်၏ခြေရာကို အကျွန်ုပ်လည်း အစဉ်ထာဝရ ဦးညွှတ်လျက် ဆရာသခင်၏ ခြေရာအတိုင်း ဤသတ္တဌာန နဝဌာန အကျင့်လမ်းကို ကျင့်ကြံအားထုတ်ခဲ့သဖြင့် သာသနာပြုလုပ်ငန်း များ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး ဆိုင်ရာကိစ္စရပ်များ၊ အမျိုးဘာသာ သာသနာပြု ကိစ္စများတွင် စိတ်ဆန္ဒအတိုင်း အောင်မြင်စွာ ပြည့်စုံစွာ ပြီးစီးစွာ သာသနာပြုလျက် ရှိနေခဲ့ပါသည်။

ရွှေဥမင်တောရဆရာတော်ကြီးဖြစ်သော ဆရာသခင်၏ ခြေရာသည် တန်ဖိုးမဖြတ်နိုင်ထသော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဟု အမည်တွင်သော ဤသတ္တဌာန နဝဌာန အကျင့်လမ်း၏ ဆရာသခင်ထံမှ ရရှိလာခဲ့သော ဤသတ္တဌာန နဝဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းခြေရာလမ်းကို ဗုဒ္ဓဘာသာ အမျိုးကောင်းသားသမီးများ၊ သူတော်စင် သူတော်ကောင်းများအလွယ်တကူ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပါစေခြင်း အကျိုးငှာလည်းကောင်း၊

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ အကျင့်သိက္ခာဂုဏ်တို့ဖြင့် နေထိုင်သီတင်းသုံးနိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း ရည်ရွယ်၍ ဤသတ္တဋ္ဌာန နဝဋ္ဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဆရာ့ခြေရာလမ်းကို ရိုသေစွာရှိခိုး ရိုကျိုးလျက် ဤအကျင့်လမ်းစဉ်ဖြင့် ပူဇော်ကန်တော့လိုက်ပါသတည်း။

(သုခီအတ္တာနံ ပရိဟရန္တု)
(နိဋ္ဌိတံ)
လောကဝိဋ္ဌာရေ နာနာနယပါရဂူ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
**ဘဒ္ဒန္တဝေပုလ္လဆရာတော်**
ဝေပုလ္လာရာမကျောင်းတိုက်၊ ပြည်မြို့။

# ပြည်မြို့၊ ဝေပုလ္လာရာမဆရာတော်ကြီး ရေးသားထုတ်ဝေခဲ့ပြီးသော ကျမ်းစာအုပ်များ

၁။ မင်္ဂလာဇေတပတ္တမြားရတနာဂါထာတော်
၂။ ဣစ္ဆာသယ ငွေလာဘ်ခေါ်ယတြာအစီအရင်
၃။ ဣစ္ဆာသယ မဟာသိဒ္ဓိကျင့်စဉ်
၄။ ရတနတ္တယ မဟာသိဒ္ဓိဂါထာမန္တန်ကျမ်း
၅။ သမ္ဗုဒ္ဓေဂါထာတော်အဖွင့်ကျမ်း
၆။ မဟာသရဏဂုံအဖွင့်ကျမ်း
၇။ စကြဝဠာသိဒ္ဓိပေါက်ကျမ်း
၈။ သစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း
၉။ ပဋိပတ္တိအကျင့်လမ်းနှင့် ကျန်းမာရေး ဒဿနအမြင်
၁၀။ ဟိတသိဒ္ဓိပကာသနီကျမ်း (ပ)
၁၁။ ဟိတသိဒ္ဓိပကာသနီကျမ်း (ဒု)
၁၂။ မေတ္တာသိဒ္ဓိဘာဝနာကျမ်း
၁၃။ ဝိဇ္ဇာဓရပကာသနီကျမ်း
၁၄။ ဘဝဖြစ်စဉ်နှင့်ထေရုပ္ပတ္တိကထာ
၁၅။ နှလုံးသားရွှေအိမ်၌မနောခေတ်ဘုရားတည်ဆောက်ခြင်း
၁၆။ အရဟံ (၈၄၀၀၀) ကျင့်ဆောင်ပုံ
၁၇။ မဟာသုခနေသိဒ္ဓိလာဘ်ဖွင့်မင်္ဂလာနှင့်အမင်္ဂလာကျမ်း
၁၈။ မဟာအတိသုခယတြာကျမ်း
၁၉။ ပြေလည်စေလိုလျှင် ပြည်ကိုလာလည်ပါလား
၂၀။ သရဏဂုံအစွမ်းဂုဏ်တော်မှန်းလျက်
၂၁။ မင်္ဂလာဇေတပတ္တမြားဂါထာတော်လေးပုဒ်၏သိဒ္ဓိဝင်ကျင့်စဉ်
၂၂။ ဝိဇ္ဇာမဟိဒ္ဓိဂါထာအကျင့်မြတ်လမ်း
၂၃။ တည်ငြိမ်အေးချမ်းသောဘဝကျင့်စဉ်
၂၄။ သံသရာခရီးကြမ်းအတွက် သံဝေဂသတိ(ဩဝါဒကထာ)
၂၅။ အန္တရာယ်ကင်း သိဒ္ဓိကြီးလေးပါး ဂါထာများ
၂၆။ ဆရာ့ခြေရာ

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
## သဗ္ဗရသာ ဓမ္မရသာ ဇိနာတိ

(မဟာသဒ္ဓမ္မဇောတိကဓဇ) သာသနာပြုဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူသော အကျွန်ုပ် ဝေပုလ္လာရာမဆရာတော်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ၊ ရဟန်းဘဝတုန်းက ရွှေဥမင်ဆရာတော်ကြီး သင်ကြားပေးခဲ့၊ ပို့ချပေးခဲ့၊ အားထုတ်ခဲ့ဖူးသော ဤသတ္တဋ္ဌာန နဝဋ္ဌာန ကျင့်ဆောင်အားထုတ်ပုံ အကျင့်ပဋိပတ်လမ်းစဉ် ပညာကြီးဖြင့်. . .

ဗုဒ္ဓမြတ်စွာဘုရားရှင်အား လှူဒါန်းပူဇော်ကန်တော့ပါ၏ မြတ်စွာဘုရား။

တရားတော်မြတ်ကိုလည်း လှူဒါန်းပူဇော်ကန်တော့ပါ၏ ဘုရား။

သံဃာတော်အရှင်မြတ်တို့ကိုလည်း လှူဒါန်းပူဇော်ကန်တော့ပါ၏ ဘုရား။

ရွှေဥမင်တောရဆရာတော်ကြီးနှင့်တကွ အလုံးစုံသော ဆရာသခင် ကျေးဇူးရှင်တို့ကိုလည်း လှူဒါန်းပူဇော်ကန်တော့ပါ၏ ဘုရား။

မာတာပီတ၊ မိနှင့်ဘအား အမှူးထား၍ ဘဝပေါင်းများစွာက တော်စပ်ခဲ့ကြကုန်သော မိဘနှစ်ဖြာတို့ကိုလည်း လှူဒါန်းပူဇော်ကန်တော့လိုက်ပါသည်။

သတ္တဝါများ ခုနစ်ရက်သားသမီးတို့သည်လည်းကောင်း၊
အားလုံးသော ကမ္ဘာသူကမ္ဘာသားတို့သည်လည်းကောင်း၊
ဤသတ္တဋ္ဌာန နဝဋ္ဌာန အကျင့်ပဋိပတ်လမ်းစဉ်ကြီးကို
ကျင့်ဆောင်ပွားများ အားထုတ်ခြင်းဖြင့် ကြီးပွားချမ်းသာ၍
မနောမယသိဒ္ဓိကဲ့သို့ ပြီးစီးအောင်မြင်ကြပါစေကုန်သတည်း။ ။



လ

ဝေပုလ္လာရာမဆရာတော်